ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့ (19-6-2008) (၅၇၁၄)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းဖြတ်ပြည်သူ့ဆေးရုံတွင် ဆေးရုံတက်လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❈ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ❈ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❈ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❈ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❈ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❈ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❈ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❈ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❈ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❈ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❈ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❈ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တာချီလိတ်မြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဇွန် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၆ ရက် နံနက် ၈ နာရီခွဲတွင် တာချီလိတ်မြို့ရှိ အောင်မြတ်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ တာချီလိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်က ဒေသတွင်း ဆန်နှင့် ဆီ ဖူလုံမှု၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ မြေယာဖော်ထုတ်စိုက်ပျိုးမှု၊ နှစ်ရှည်သီးနှံ ရော်ဘာစိုက်ပျိုးမှု၊ ကုန်းမြင့်လယ်ယာဖော်ထုတ်မှု၊ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးပြီးစီးမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

ကြေးမုံ The Mirror
ယနေ့ဆောင်းပါးအညွှန်း

မောင်ဒွဲ့ဒိုး၏

"စပါးကျီဖောက်မယ့်ကြွက်တွေ - သတိထား"

(ဆောင်းပါး) စာမျက်နှာ-၆

လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကျေးရွာများသို့ မောင်မြန်မာ(၆) ရေယာဉ်ဖြင့် တည်ဆောက်ရေးပစ္စည်းများ ပို့ဆောင်ပေးစဉ်။ (သတင်းစဉ်)

တောင်သူများအား မျိုးစပါးများ ဖြန့်ဝေ

ရန်ကုန် ဇွန် ၁၈

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက လပွတ္တာမြို့နယ် ကျောက်မှော်ကျေးရွာသို့ နှံ့ကားမျိုးစပါး ၃၉၆ တင်း၊ မောင်ငယ်ကျေးရွာသို့ ၁၅၇၉ ဒသမ ၅ တင်း၊ လှိုင်းဘုန်းကျေးရွာသို့ ၈၇၉ တင်း၊ ဆားကျင်းကျေးရွာအုပ်စုသို့ ကောက်ကြီးမျိုးစပါး ၇၅ တင်း၊ ကန်ဘက်ကျေးရွာသို့ ၆၇၅ တင်း၊ သပြေကုန်းကျေးရွာသို့ ဆားငန်ခံမျိုးစပါး ဖိုင်ဇင် ၂၀၀ တင်းတို့ကို ဇွန် ၁၇ ရက်တွင်လည်းကောင်း၊ ဗိုင်းတောင့်ချောင်းကျေးရွာသို့ ကမာကြည်မျိုးစပါး ၂၂၅ တင်း၊ လပွတ္တာလုတ်(မြောက်) ကျေးရွာသို့ ၇၅ တင်း၊ ဘီတွတ်ကျေးရွာသို့ မနောသုခ မျိုးစပါး တင်း ၁၅၀၀၊ ပြင်အလန်းကျေးရွာသို့ ၅၁ တင်း၊ မြစ်ပေါက်ကျေးရွာသို့ နှံ့ကား တင်း ၇၅၀ တို့ကို ဇွန် ၁၈ ရက်တွင်လည်းကောင်း ကျေးရွာများရှိ တောင်သူများအား ဖြန့်ဝေရန် ရေယာဉ်များဖြင့် တင်ဆောင်ကာ ထွက်ခွာသွားသည်။

ဖြန့်ဝေပြီးဖြစ်

ယနေ့အထိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာများသို့ မျိုးစပါး ၃၁၅၈၄ တင်း ဖြန့်ဝေပြီးဖြစ်ကြောင်း သိရှိရသည်။
(သတင်းစဉ်)

အတည်ပြုချိန် ၂း၃၅

ကြေးမုံ
The Mirror

၁၉-၆-၂၀၀၈
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးစပါးများ အချိန်မီ စိုက်ပျိုး အထွက်နှုန်းတိုးရေး အားထုတ်ကြိုးပမ်း

ယခုအခါ မုတ်သုံမိုး ဖြိုင်ဖြိုင် ရွာသွန်းလျက်ရှိရာ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင် ဝင်နေကြပြီဖြစ်သည်။ ဇွန်လနှင့် ဇူလိုင်လအတွင်း ထွန်တုံးပိတ်နိုင်ရေး၊ မိုးစပါးများ အချိန်မီ စိုက်ပျိုးပြီးစီးရေး ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။

ဧရာဝတီတိုင်းအတွင်း လေမုန်တိုင်းဒဏ်ခံခဲ့ကြရသည့် ကျေးရွာများ၌ ပြည်သူများ နေထိုင်စားသောက်မှု အဆင်ပြေလွယ်ကူစေရေးအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လျင်မြန်စွာဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် လိုအပ်ချက်များကိုလည်း ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းနှင့် ငပုတောမြို့နယ်တို့သို့ လယ်ထွန်စက်များ၊ ကျွဲ၊ နွားများ၊ မျိုးစပါးများ ထောက်ပံ့ပေးပို့လျက်ရှိရာ အချို့မြို့နယ်များ၌ မြေပြုပြင်ခြင်း၊ မြေထွန်ယက်ခြင်း၊ ပျိုးကြဲစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြပြီဖြစ်သည်။

ဖျာပုံမြို့နယ်၌ ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါးရာသီအတွင်း ဧကတစ်သိန်းကျော်နှင့် အမာမြို့၌ ဧက ခုနစ်သောင်းကျော် စိုက်ပျိုးသွားမည်ဖြစ်ရာ လက်တွန်းထွန်စက် နှစ်ရာကျော်၊ ခိုင်းကျွဲ၊ ခိုင်းနွားတစ်ရာကျော်တို့ဖြင့် ထွန်ယက်စိုက်ပျိုးလျက်ရှိသည်။ လက်တွန်းထွန်စက်များ၊ ခိုင်းကျွဲ၊ ခိုင်းနွားများ၊ ဓာတ်မြေဩဇာနှင့် စက်သုံးဆီတို့ကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးလျက်ရှိပြီး မိုးစပါးရာသီ ချေးငွေများလည်း ထုတ်ချေးပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အလားတူ လပွတ္တာမြို့နယ် ဆားကျင်းကျေးရွာအုပ်စုရှိ ကျေးရွာများမှ သောက်သုံးရေကန်များကို ရေငန်သန့်စင် လဲလှယ်ခြင်း၊ လယ်မြေ အတွင်း ဝင်ရောက်နေသော ရေငန်များ ဖောက်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အဆိုပါကျေးရွာများအတွက် လက်တွန်းထွန်စက် ၅၀ ကျော်၊ ကျွဲအကောင် ၆၀ ကျော်နှင့် မျိုးစပါးတင်း ၁၈၀၀ တို့ကို ဖြန့်ဝေပေးထားပြီးဖြစ်ရာ လယ်ယာလုပ်ငန်းများ စတင်လုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များက လေဘေးသင့်ဒေသများ၌ မိုးစပါး အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်ချက်များကို ငွေကြေး၊ ပစ္စည်း၊ လူအင်အားတို့ဖြင့် ကူညီဖြည့်ဆည်းပေးလျက်ရှိရာ တောင်သူလယ်သမားများက မိုးစပါးစိုက်ဧကများ အပြည့်အဝ စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များနှင့်အညီ ကြိုးပမ်းစိုက်ပျိုးကြခြင်းတို့ဖြင့် တစ်ဧက စပါးအထွက်နှုန်း တိုးတက်ထွက်ရှိလာမည် ဖြစ်ပါသည်။ ။



ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက် စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း OK ကားပစ္စည်းရောင်းဝယ်ရေးနှင့် ခုနစ်ရက် သား၊ သမီးများက အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးမြင့် လက်ခံယူစဉ်။ (ကြေးမုံ)

ကွမ်းခြံကုန်းမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ညှိနှိုင်းမှာကြား

ရန်ကုန် ဇွန် ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇွန် ၁၀ ရက် မွန်းလွဲပိုင်းတွင် ကွမ်းခြံကုန်းမြို့ရှိ ဇာတိမာန်ခန်းမ၌ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လေဘေးသင့်ဒေသများအတွက် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဖြူးထားရှိမှု အခြေအနေနှင့် ဒေသတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို အသေးစိတ်ညှိနှိုင်းသည်။

ထို့နောက် ဝန်ကြီးသည် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ပေးသည့် စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု တာဝန်ခံများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီး သန်းနိုင်ဦး၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်းနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဝန်ကြီးသည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ကွမ်းခြံကုန်းမြို့ရှိ ဇာတိမာန်ခန်းမ၌ မြို့နယ်အတွင်းရှိ ရေလုပ်သားများနှင့် တွေ့ဆုံကာ ရေလုပ်ငန်းပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် ငါးဖမ်းပိုက်များနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ကာ အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ ကွမ်းခြံကုန်းမြို့နယ်ရှိ ရေလုပ်သားများအတွက် ငါးဖမ်းပိုက်များနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်နေမှုကို ကြည့်ရှုအားပေးစဉ်။ (စွမ်းအင်)

လပွတ္တာမြို့နယ်အတွက် မျိုးစပါးများရောက်ရှိ

ရန်ကုန် ဇွန် ၁၈

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်ရှိ ကျေးရွာများ မိုးစပါးစိုက်ပျိုးနိုင်ရန် ရခိုင်ပြည်နယ်မှ ဆားငန်ခံ မျိုးစပါး (ဖိုင်ဇင်)တင်း ၅၂၅၀ ကို တင်ဆောင်လာသည့် ရွှေတိုးအောင်နှင့် မိုးဆမ်းပန်း ရေယာဉ်နှစ်စင်းသည် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် လပွတ္တာမြို့ ဆိပ်ကမ်းသို့ရောက်ရှိလာကြောင်း၊ အဆိုပါ မျိုးစပါးများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကျေးရွာများသို့ အမြန်ဆုံး ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပါကစ္စတန်-မြန်မာချစ်ကြည်ရေးအသင်း၏ ထောက်ပံ့ရေးပစ္စည်းများ ဒုတိယအကြိမ် ပေးပို့လှူဒါန်း

ရန်ကုန် ဇွန် ၁၈

မုန်တိုင်းဒဏ်ခံရသော ဒေသများအတွက် ပါကစ္စတန် အစ္စလမ္မာစ်သမ္မတနိုင်ငံရှိ ပါကစ္စတန်-မြန်မာချစ်ကြည်ရေးအသင်း၏ဒုတိယအကြိမ်မြောက် ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါကစ္စတန်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝင်း(ခ) Mrs. Shirin Niazi၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံးမှ ယာယီသံအမတ်ကြီး Mr. Habibur-Rehman၊ စစ်သံမှူး Col. Muzammil Hussain Shah နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပါကစ္စတန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝင်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းထံ ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်သည်။

ဇွန် ၁၇ ရက်တွင် ပါကစ္စတန်-မြန်မာချစ်ကြည်ရေးအသင်းမှ TG-303 လေယာဉ်ဖြင့် ပေးပို့လှူဒါန်းသည့်ပစ္စည်းများမှာ ဆန်များ၊ သကြားများ၊ စားသောက်ကုန်များ၊ အဝတ်အထည်များ၊ ဖိနပ်များ၊ ဆေးဝါးများ စုစုပေါင်း ၀ဒသမ၆ တန်ဖြစ်ကြောင်း သိရှိရသည်။

ဇွန် ၁၇ ရက်အထိ ပါကစ္စတန်-မြန်မာချစ်ကြည်ရေးအသင်းမှ ထောက်ပံ့သော ပစ္စည်းများမှာ စုစုပေါင်း ၃ဒသမ၅၂တန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပါကစ္စတန်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝင်း(ခ) Mrs. Shirin Niazi က မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းထံ လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် မော်လမြိုင်ကျွန်းမြို့နယ် ရှောက်ချောင်း ကျေးရွာအုပ်စုမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်စဉ်။

(နယ်စပ်/စည်ပင်)

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်ကမ်းနားလမ်း စံရိပ်ငြိမ်ကျောင်းတိုက်၌ ဆောက်လုပ်လှူဒါန်းမည့် အနန္တဂုဏ်ရည်သိမ်တော်အတွက် ပန်းဘဲတန်းမြို့နယ် ၃၁ လမ်း အလယ်ဘလောက်နေ ဦးမြင့်ဦး-ဒေါ်ဖြူဖြူဝင်း မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို စံရိပ်ငြိမ်ကျောင်းဆရာတော် အရှင်ဇဝန (ပဲခူး)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မော်လမြိုင်ကျွန်းမြို့နယ်ရှိ လေဘေးသင့်ကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇွန် ၁၈

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇွန် ၁၆ ရက် နံနက် ၇ နာရီတွင် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာအုပ်စု ၁၆ ခုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြေပြင်ကွင်းဆင်းဆောင်ရွက်ရန် ထွက်ခွာမည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်းများ ဦးဆောင်သည့် သက်ဆိုင်ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပါဝင်ဖွဲ့စည်းထားသော ကွင်းဆင်းအဖွဲ့ ခုနစ်ဖွဲ့တို့နှင့် တွေ့ဆုံ၍ လေဘေးသင့်ကျေးရွာများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိထိရောက်ရောက် မှန်ကန်မြန်ဆန်စွာ တိုးတက်လာစေရေးအတွက် စေတနာအပြည့်ဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန်မှာကြားပြီး လိုအပ်သည့် အုပ်ချုပ်မှုအထောက်အပံ့များကို ဖြည့်ဆည်းပေးသည်။

အဆိုပါအဖွဲ့များသည် ကျေးရွာ ပြန်လည်ထူထောင်ရေး၊ မျိုးစပါး အချိန်မီရရှိရေး၊ လယ်ယာမြေများ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ ရေလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးနှင့်ကျေးရွာများ၏ အထွေထွေလိုအပ်ချက်များ အနီးကပ်ကြီးကြပ်၍ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းရှိန်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အရိုးအထူးကုဆရာဝန် ဒေါက်တာဖြိုးဆွေဝင်းတင် ဦးဆောင်သော ဆရာဝန်များနှင့် သူနာပြုဆရာမများ လိုက်ပါ၍ မော်လမြိုင်ကျွန်းမြို့မှ ငွေဇင်ယော်ကျေးရွာသို့ ရွှေငွေးမြင့်ရေယာဉ်ဖြင့် သွားရောက်၍ ရှောက်ချောင်းကျေးရွာအုပ်စု၊ ငွေဇင်ယော်၊ ငွေသဇင်(၁)၊ ငွေသဇင်(၂)၊ သောင်ဖုန်း၊ မြစ်တို၊ လှိုင်းဘုန်းလေး ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ စောင်၊ ခြင်ထောင်၊ အမျိုးသမီးဝတ်လုံချည်၊အဝတ်အထည်များ၊ ပေါက်ပြား၊စတီးပန်းကန်နှင့် လွှစသည့် လူသုံးကုန်ပစ္စည်းများ၊ ငွေဇင်ယော်ကျေးရွာမှ တောင်သူများအတွက် လယ်တွန်းလယ်ထွန်စက် ၁၂ စီးနှင့် မျိုးစပါး ၂၄၉၆ တင်းတို့ကို ထောက်ပံ့ပေးအပ်သည်။

အဆိုပါကျေးရွာများရှိ မကျန်းမာသူများအား ဆရာဝန်များ၊ သူနာပြုဆရာမများကရွှေငွေးမြင့်သင်္ဘောပေါ်၌ ဆေးခန်းဖွင့်လှစ်၍ ဆေးဝါးကုသပေးခြင်းများကိုဆောင်ရွက်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ငါးတန်တစ်ရာ ကျေးရွာသို့ မွန်းလွဲ ၁ နာရီတွင် ရောက်ရှိကြပြီး ရှောက်ချောင်း ကျေးရွာအုပ်စုမှ ငါးတန်တစ်ရာ၊ ရွာလယ်ချောင်း၊ ဖုန်းဆိုး၊ ပုဂံပုံ၊ မျှားတန်း၊ မြစ်တန်းကျေးရွာများရှိ လေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ စားသောက်ကုန်ပစ္စည်းများ၊ အသင့်ချုပ်ပြီး အမျိုးသမီးဝတ်လုံချည်၊ စောင်၊ ခြင်ထောင်၊ အဝတ်အစားများ၊ လူသုံးကုန်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် ငါးတန်တစ်ရာကျေးရွာ မူလတန်းကျောင်းအတွက် အလှူငွေကျပ် နှစ်သိန်းကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းပြီး ဆရာဝန်များ၊ သူနာပြုဆရာမများက ရွှေငွေးမြင့်ရေယာဉ်ပေါ်၌ အဆိုပါကျေးရွာအုပ်စုရှိ ကျေးရွာများမှလူနာများအား ဆေးဝါးကုသပေးကြသည်။

ဝန်ကြီးနှင့်အဖွဲ့သည်ရှောက်ချောင်းကျေးရွာအုပ်စုရှိ ကျေးရွာ ၁၂ ရွာမှ လေဘေးသင့်ပြည်သူ ၁၃၀၀ အတွက် ဆန်အိတ် ၂၀၀၊ စားအုန်းဆီပိဿာ ၈၀၊ ဆား ၁၀ အိတ်၊ စောင်အထည် ၁၀၀၊ ခြင်ထောင်အထည်၁၂၀၊ ကော်ဇော ၁၀ ချပ်၊ လွှလေးချောင်း၊ ပေါက်ပြားအလက် ၂၀၀၊ ခေါက်ဆွဲ ၄၈ဖာ၊ အဝတ်အထည်စုံ ၁၆ အိတ်၊ အသင့်ချုပ်ပြီး အမျိုးသမီးဝတ်လုံချည်အထည် ၄၀၀၊ ကြက်ဆူဆီသုံး မီးဖိုအလုံး ၃၀၊ ချောကလက် လေးဖာ၊ စတီးပန်းကန်အချပ် ၂၀၀၊ ငံပြာရည်ဘူး လေးဖာ၊ နို့မှုန့် လေးဖာ၊ ခေါက်ဆွဲအထုပ်ကြီး လေးပုံး၊ ပဲ ၁၀ အိတ်၊ ငါးပိထုပ် ၁၀ ဖာတို့နှင့် အမယ်စုံပစ္စည်းစုံအိတ် ခြောက်အိတ်တို့ကို တစ်ဦးချင်း ဖြန့်ဝေပေးခဲ့သည်။

မော်လမြိုင်ကျွန်းမြို့နယ် အတွင်းရှိ လေဘေးသင့်ကျေးရွာများ၌ ပြန်လည်အခြေချနေထိုင်ကြသော ကျေးလက်ပြည်သူများသည် လယ်ယာစိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နေကြပြီး ဇွန် ၁၇ ရက်အထိ မိုးစပါးစိုက်ပျိုးရန် လယ် ၆၂၁၉ ဧကကို မြေပြုပြင်ထွန်ယက်ပြီး ၂၁၄၈ ဧကကို ပျိုးထောင်ပြီးစီးကာ စိုက်ပျိုးရေးအတွက် စတင်ဆောင်ရွက်လျက်ရှိပြီ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကုသပေးလျက်ရှိ

ရန်ကုန် ဇွန် ၁၈

တက်နေဝင်းထွန်း ဆေးရုံသင်္ဘောဖြင့် နယ်လှည့် တိုင်းရင်းဆေးကုသရေးအဖွဲ့သည် ဇွန် ၁၂ ရက် ည ၇ နာရီမှ ၉ နာရီအထိ ငပုတောမြို့နယ် စက်ကုန်းကျေးရွာ လေဘေးသင့်ပြည်သူများအား သင်္ဘောပေါ်၌ ငါးနေရာခွဲ၍ တိုင်းရင်းဆေးဖြင့် ဆေးကုသပေးခဲ့ကြသည်။

အကြောအဆစ် လူနာများကို သင်္ဘောပေါ်၌ ကျပ်ထုပ်တိုက်ခြင်း၊ အပူပေးခြင်း၊ အကြောနှိပ်နယ်ပေးခြင်းကို ဆေးကုသသူလူနာ ၂၄၂ ဦးတို့အား ဆောင်ရွက်ပေးနိုင်ခဲ့သည်။ စက်ကုန်းကျေးရွာရှိ လေဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် ရေကန်အား ရေစုပ်စက်ဖြင့် ပြန်လည်စုပ်ထုတ်တူးဖော်ရန်အတွက် တိုင်းရင်းဆေးကုသရေးအဖွဲ့မှ ငွေကျပ် ၅၀၀၀၀ လှူဒါန်းခဲ့ကြသည်။

ဧရာဝတီတိုင်း ငပုတောမြို့နယ်အတွင်း တက်နေဝင်းထွန်းသင်္ဘောဖြင့် နယ်လှည့် ဆေးကုသပေးနေသည့် တိုင်းရင်းဆေးကုသရေးအဖွဲ့သည် ဇွန် ၁၃ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ငပုတောမြို့နယ် သက္ကယ်သောင်ကျေးရွာနှင့် နီးစပ်ရာကျေးရွာများ၌ လေးနေရာခွဲ၍ ဆေးကုသပေးကြသည်။

သက္ကယ်သောင်ကျေးရွာ အလယ်ပိုင်း ဦးစံဝင်းနေအိမ်၌ မန္တလေး တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးဝထွန်းနှင့် ဧရာဝတီတိုင်း တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူး ဦးသိန်းဝင်း ဦးဆောင်သည့်အဖွဲ့က လူနာ ၄၅၆ ဦး၊ ကျောင်းသစ်ဘုန်းတော်ကြီးကျောင်း၌ ရန်ကုန် တိုင်း ရင်းဆေး-ဆေးရုံအုပ်ဒေါက်တာ သိန်းကျော်နှင့် ဧရာဝတီတိုင်း ပုသိမ်ပြည်သူ့ဆေးရုံကြီးမှဒေါက်တာရွှေကျော် ဦးဆောင်သည့် ဆရာဝန်များ အဖွဲ့က လူနာ ၁၇၂ ဦးနှင့် နေပြည်တော် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးပေါ်ငြိမ်း ဦးဆောင်သည့်အဖွဲ့ကလူနာ ၃၈၄ ဦး၊ အုန်းချောင်းကျေးရွာ ဦးဇော်ထွန်း နေအိမ်၌ မန္တလေးတိုင်းရင်းဆေး တက္ကသိုလ်မှ ဦးသံချောင်း ဦးဆောင်သည့် အဖွဲ့က လူနာ ၄၆၄ ဦး စုစုပေါင်းလူနာ ၁၄၇၆ ဦးတို့ကို တိုင်းရင်းဆေးဖြင့် ဆေးကုသပေးနိုင်ခဲ့ကြသည်။

ဆေးရုံသင်္ဘောမှ တိုင်းရင်းဆေးကုသရေးအဖွဲ့ဝင်များသည် ကျေးရွာ လေဘေးသင့် ပြည်သူများအတွက် အဝတ်အထည်များကို လည်းကောင်း၊ အသက် ၆၀ နှင့်အထက် အဘိုး၊ အဘွား ၄၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်၁၀၀၀ နှုန်းဖြင့်လည်းကောင်း လှူဒါန်းခဲ့ကြပြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီမှ လှူဒါန်းသည့် ဆန် ၇၅ အိတ်ကို သက္ကယ်သောင်ကျေးရွာ လေဘေးသင့် ပြည်သူများအား လှူဒါန်းခဲ့ကြသည်။

ဆေးရုံသင်္ဘောမှ တိုင်းရင်းဆေးကုသရေးအဖွဲ့ဝင် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်မှကထိကဦးသန်းအုန်း (ကလေးအထူးကု)သည် အိမ်ပတ်ဝန်းကျင်ရှိ စားသုံးပင်၊ ဆေးဖက်ဝင်အပင်များ၏ အလွယ်ကူဆုံး ဆေးအသုံးများကို လက်တွေ့ပြသ ရှင်းလင်း၍ ပြည်သူ ၁၈၅ ဦးအား ကျန်းမာရေး ပညာပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက်နေဝင်းထွန်း ဆေးရုံသင်္ဘောဖြင့် နယ်လှည့်ဆေးကုသပေးနေသည့် တိုင်းရင်းဆေးသမားတော်များအဖွဲ့ သက္ကယ်သောင်ကျေးရွာတွင် လေဘေးသင့်ပြည်သူများအား ဆေးကုသပေးနေစဉ်။

(ကျန်းမာရေး)

ကျိုက်လတ်နှင့် ဘိုကလေးမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇွန် ၁၈

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ညွန့်စိန်နှင့် အဖွဲ့ဝင်များသည် ဇွန် ၁၅ ရက် နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်း ကျိုက်လတ်ပြည်သူ့ဆေးရုံ၌ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်နေမှုကို ကြည့်ရှုအားပေးကြပြီး ဆေးရုံပြင်ဆင်ပြီးစီးမှုအခြေအနေ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့ထားသောဆေးများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် အခြားအလှူရှင်များမှ လှူဒါန်းထားသော ဆေးနှင့်ဆေးပစ္စည်းများထားရှိမှုနှင့် ကျေးလက်ဒေသအရောက် ဖြန့်ဝေမှုတို့ကို ကြည့်ရှု၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ကျိုက်လတ်မြို့ လေဘေးသင့်ဒေသများတွင် လုပ်ငန်းများဆောင်ရွက်နေကြသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရေကောင်းရေသန့်ရရှိရေး၊ လုပ်ငန်းညှိနှိုင်းဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ကျိုက်လတ်မြို့နယ် ထင်းကွင်းကျေးရွာ၌ နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် FXB အဖွဲ့က ဆောင်ရွက်နေသော ရေကန်များကို ပြန်လည်ဆယ်ယူသန့်ရှင်းရေး လုပ်ငန်းများအတွက် နည်းပညာလိုအပ်ချက်များကို ပံ့ပိုးပေးသည်။

ညနေပိုင်းတွင် ဘိုကလေးပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ နယ်လှည့်ကျန်းမာရေးအဖွဲ့များနှင့် တွေ့ဆုံ၍ တီဘီ၊ အနာကြီးရောဂါနှင့် ခုခံကျကာလသားရောဂါအစရှိသည့် နာတာရှည်ရောဂါသည်များအား ဆေးကုသမှုပေးခြင်း၊ စောင့်ရှောက်မှုပေးခြင်းများကို စဉ်ဆက်မပြတ်ရရှိရေးနှင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မှုအခြေအနေများ ပေါင်းစပ်ဆွေးနွေးသည်။

ထို့နောက် လေဘေးသင့်ဒေသများတွင် လုပ်ငန်းများဆောင်ရွက်နေကြသော ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရ မဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေးပြီး ဘိုကလေးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် အခြေခံကျန်းမာရေး ဌာနမှူးများနှင့်အတူ လေဘေးသင့်ဒေသများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အကြားအလပ်မရှိ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆရာ၊ ဆရာမများ၏ စာသင်သံ၊ ကျောင်းသား၊ ကျောင်းသူများ၏ စာဆိုသံများလွှမ်းနေသည့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ကျေးရွာစာသင်ကျောင်းများ

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

နံနက်ခင်း အလင်းရောင်ပျို့စမှာပင်စက်လှေဖြင့် ဒေါင်းရေကျော်ရွာသို့ထွက်ခဲ့သည်။မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိကျေးလက်စာသင်ကျောင်းအခြေအနေကို ကိုယ်တိုင်မြင်တွေ့ သိရှိရန်ဖြစ်သည်။

ရေပြင်ကို ရှပ်တိုက် ခုတ်မောင်းလာသောစက်လှေပေါ်မှနေ၍ မြစ်ကမ်းဘက်မြင်ကွင်းများကို ကြည့်လာရာ ထွန်တုံးတပ်ကျွဲနှင့် နွားများအား မောင်းနှင်လာသူများကို မြင်တွေ့ရသည်။ လယ်ယာလုပ်ငန်းခွင်ဝင်ရန် သွားနေသူ လယ်သမားများပင်ဖြစ်မည်။

အချိန်အတန်ကြာသော် ချောင်းလက်တက်တစ်ခုအတွင်း စက်လှေကိုကွေ့ဝင်လိုက်ရာ ဒေါင်းရေကျော်ရွာအား ဘွားခနဲ မြင်တွေ့လိုက်ရသည်။ ချောင်းကမ်းနံဘေး တစ်လျှောက်အစီအရီ ဆောက်လုပ်ထားသော နေအိမ်များ၊ တာပေါ်လင်စများ မိုးထားသည့် နေအိမ်များကို မြင်တွေ့ရသည်။

စာတွေ ကျက်နေရပါပြီ။
(မနွယ်နွယ်ဝင်း စတုတ္ထတန်းကျောင်းသူ၊ ကျွဲခြံဝ မူလတန်းကျောင်း)

စက်လှေဆိုက်ကပ်ပြီး ကမ်းပေါ်တက်လိုက်သည်နှင့် "ဒေါင်းရေကျော် မူလတန်းကျောင်း" ဆိုသည့် ဆိုင်းဘုတ်ကို အထင်းသားမြင်တွေ့လိုက်ရသည်။ စာသင်ကျောင်းကား ပြိုပျက်ခဲ့ပုံမရ။ သို့သော် အမိုးသွပ်များကား အသစ်ဖြစ်နေသည်။ ကျောင်းအတွင်း ကလေးငယ်များ စာအံသံကို ကြားနေရသည်။

ကျောင်းအပေါ်သို့ ရောက်ရာ ကလေးငယ်များအတန်းပြည့်စာသင်နေကြသည်ကိုတွေ့ရသည်။ စာအံကြ၊ စာရေးကြနှင့် ဆရာမများ သင်ကြားနေသည်ကိုနားထောင်နေကြသည့် ကလေးငယ်များမှာ တကယ့်အပြစ်ကင်းသည့် အရွယ်များပင်ဖြစ်သည်။ ဒေါင်းရေကျော် မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်းက "ဒီကျောင်းလည်း

ကျောင်းသား၊ ကျောင်းသူ ၈၅ဦး ကျောင်းတက်နေပါပြီ။
(ဒေါ်စန်းစန်းဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါင်းရေကျော် မူလတန်းကျောင်း)

လေဘေးဒဏ် ခံခဲ့ရတာပါပဲ။ အမိုးတွေ အကုန်ပွင့်ထွက်သွားတယ်။ အခုသွပ်အချပ် ၉၀ ရပြီး ပြန်မိုးထားတာပါ။ ကျောင်းသူ၊ ကျောင်းသား ၈၅ ဦး ကျောင်းတက်နေပြီး ဇွန် ၄ ရက်ကတည်းက ကျောင်းဖွင့်စာသင်နေပါတယ်"ဟုရှင်းပြသည်။ သပ်သပ်ရပ်ရပ်နှင့် စနစ်တကျရှိသော စာသင်ကျောင်းကိုကြည့်ကာ နောက်တစ်ရွာသို့ စက်လှေဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။

ကျွဲခြံမြစ်ကို စက်လှေဖြတ်သန်းသောအခါ မြစ်က ပိုကျယ်လာသည်။ လေတိုက်ပြီး မိုးပါ ရွာလာသဖြင့် စက်လှေကို ဖြည်းဖြည်းထိန်းပြီး မောင်းနှင်ရသည်။ မိုးကား ပတ်ဝန်းကျင်ကို လှမ်းကြည့်၍ မရအောင် ခပ်သည်းသည်းရွာနေသဖြင့် စက်လှေကို ကမ်းကပ်ခါ မောင်းနှင်ရသည်။ စက်လှေရပ်သွားသဖြင့် ကြည့်လိုက်ရာ ကျွဲခြံဝရွာရှိနီးစပ်ရာ ကမ်းစပ်ကို ထိုးကပ်ရပ်လိုက်ခြင်းဖြစ်သည်။ မိုးစဲသည်အထိခေတ္တစောင့်ပြီး ကျွဲခြံဝ မူလတန်းကျောင်းသို့ထွက်လာခဲ့သည်။ ရွာလမ်းတစ်လျှောက် ဝဲ၊ ယာတွင် နေအိမ်များ ပြန်လည်တည်ဆောက်ပြီးဖြစ်နေသည်ကို တွေ့ရသည်။ ကျွဲခြံဝရွာသည် သင်ဖြူးဖျာ ရက်လုပ်သောရွာဖြစ်ပြီး ထိုလုပ်ငန်းဖြင့် ရွာသားအတော်များများ အသက်မွေးဝမ်းကျောင်းပြုကြသည်ကို တွေ့ရသည်။

ကျွဲခြံဝ မူလတန်းကျောင်းမှာ သွပ်မိုး၊ ပျဉ်ထောင်ဖြစ်သည်။ ကျောင်းအပေါ်တက်လိုက်ရာ စာသင်နေသော ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများကို တွေ့ရသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်မာသန့်နှင့် တွေ့ဆုံကာ ကျောင်းပြန်လည် ပြုပြင်မှုနှင့် စာသင်ကြားမှုများကို မေးမြန်းရာ"လေဘေးဒဏ်ကြောင့် အမိုးတွေအကုန်ပွင့်ထွက်သွားတယ်။ သွပ် ၁၃၄ ချပ်နဲ့ သွပ်သံတွေရရှိပြီး ကျောင်းကိုပြန်မိုးထားတာမို့ ပုံမှန်စာသင်ကြားနိုင်တာပေါ့။ ဇွန် ၆ ရက်ကစပြီး ကျောင်းပြန်ဖွင့် စာသင်နေတာပါ။ ကျောင်းသူ၊ ကျောင်းသား ၁၁၅ ဦး ရှိပါတယ်။ မနှစ်ကထက် ပိုများတယ်" ဟု ဖြေကြားသည်။

ထို့နောက်စတုတ္ထတန်း၌ စာသင်ကြားနေသော ကျောင်းသူလေးတစ်ဦးကို မေးမြန်းရာ "သမီးနာမည်က မနွယ်နွယ်ဝင်းပါ။ သမီးတို့ ကျောင်းတက်နေတာ၁၀ ရက်လောက်ရှိနေပြီ။ ဆရာမတွေက နှစ်စကတည်းက စာတွေသင်ပြီး မေးနေလို့ သမီးတို့စာတွေ ကျက်နေရပါပြီ"ဟု ဖြေကြားသည်။

ရောဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာအသီးသီး၌ ကျောင်းသား ကျောင်းသူများ ယာယီရွက်ဖျင်စာသင်တဲများဖြင့် စာသင်ကြားနေစဉ်။



ရောဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် မြင်းကကုန်းကျေးရွာအုပ်စုရှိ ကျွဲခြံဝ မူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေစဉ်။ (သတင်းစဉ်)

ထို့နောက်ကျွဲခြံဝမူလတန်းကျောင်းမှ စက်လှေဖြင့် နောက်ထပ်တစ်ရွာဖြစ်သည့်ထီယာလိရွာသို့ ဆက်လက်ထွက်ခွာခဲ့သည်။ ထီယာလိရွာသည် ကျွဲခြံဝရွာမှ နာရီဝက်ခန့် စက်လှေဖြင့်သွားရသည်။ မြစ်ကမ်းနဖူးပေါ်တွင်တည်ရှိသဖြင့်စက်လှေဆိုက်ကပ်ပြီးတက်လိုက်သည်နှင့် ရွာလယ်နားသို့ ရောက်ရှိလေသည်။

ထီယာလိကျေးရွာစာသင်ကျောင်းမှာ တွဲဖက်အလယ်တန်းကျောင်းဖြစ်သည်။ ကျောင်းဆောင်များမှာ လေဘေးဒဏ် ဆိုးဆိုးရွားရွား ခံထားရသဖြင့်အချို့စာသင်ဆောင်များအမိုးပွင့်ပြီး တွဲဖက်အလယ်တန်းကျောင်းဆောင်မှာ ပြိုကျသွားခဲ့သည်။ ထို့ကြောင့် မူလတန်းကျောင်းဆောင်အတွင်း မူလတန်းကျောင်းသားများ စာသင်နေကြသလို အလယ်တန်းကျောင်းသားများက ယာယီရွက်ဖျင် စာသင်တဲများနှင့် စာသင်နေကြသည်ကို တွေ့ရသည်။

ရောဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ထီယာလိကျေးရွာ တွဲဖက်အလယ်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေစဉ်။

ထို့ကြောင့် စာသင်နေသော ထီယာလိ မူလတန်းကျောင်းမှ ဆရာဦးဌေးလှိုင်(လယ်ပြ/မူ)နှင့် တွေ့ဆုံမေးမြန်းရာ "ဒီကျောင်းမှာ အခု မူလတန်းကျောင်းသူ၊ ကျောင်းသား ၁၇၇ ဦးနဲ့ အလယ်တန်းကျောင်းသူ၊ ကျောင်းသား ၇၅ ဦးရှိပါတယ်။ ကျောင်းဖွင့်စာသင်နေတာလည်းအရှိန်ရနေပါပြီ။ ကျောင်းသားဦးရေ ထပ်တိုးဖို့တောင်ရှိပါတယ်။ ကျောင်းပြင်ဆင်မှုတွေလည်း အမြန်ဆုံး ပြုလုပ်နေပြီဖြစ်ပါတယ်။မကြာခင်မူလစာသင်ဆောင်တွေမှာ စာသင်နိုင်တော့မှာပါ" ဟု ပြောကြားသည်။ ထီယာလိကျေးရွာစာသင်ကျောင်းမှာ သွပ်မိုး၊ အုတ်ကာ အမျိုးအစား ဖြစ်ပြီး စာသင်ကျောင်းပုံစံက ခံ့ထည်သည်။

ထို့နောက် ကျောင်းသူ၊ ကျောင်းသားများ စာသင်ကြားနေမှုကို လိုက်လံလေ့လာပြီး စက်လှေဆိပ် ပြန်ဆင်းခဲ့သည်။ ထီယာလိကျေးရွာမှ မော်လမြိုင်ကျွန်းမြို့သို့ အပြန် စက်လှေပေါ်တွင် သွားရောက် လေ့လာခဲ့သည့် ကျေးရွာစာသင်ကျောင်းများမှ ကလေးငယ်များ၏ စာအံသံများကား နားထဲက မထွက်တော့။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၆-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၂၀ ၃။ အမျိုးသားရေး တေးကဗျာ
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၄း၅၀ ၆။ အမျိုးသားရေး တေးကဗျာ
၅း၂၀ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅း၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ **ကာတွန်းအစီအစဉ် ကျားကလေးရဲ့ မွေးရပ်မြေ အပိုင်း(၅)**
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက် အပိုင်း (၉)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ ကုန်သွယ်သုတ
၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အဖြူရောင် မြွေမင်းသမီးလေး အပိုင်း (၂၂)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

မုန်တိုင်းဒဏ်သင့်ဧရာဝတီတိုင်း ဖျာပုံမြို့နယ် ပြည်သူ့ဆေးရုံကို ပြန်လည်ပြင်ဆင်ပြီးနောက် တွေ့ရစဉ်။ (သတင်းစဉ်)

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်၊ စိုက်ပျိုးရေးအတွက် ပံ့ပိုးဖြည့်ဆည်း

မိမိတို့ဒေသအသီးသီးသို့ထွက်ခွာ

မိမိတို့ဆန္ဒအလျောက် နေရင်းရပ်ရွာများသို့ ပြန်ကြမည့် လေဘေးသင့် ပြည်သူများ မောင်မြန်မာ(၅) ရေယာဉ်ဖြင့် လပွတ္တာဆိပ်ကမ်းမှ ထွက်ခွာကြစဉ်။ (သတင်းစဉ်)

မျိုးစပါးများဖြန့်ဝေ

ငွေဇင်ယော်ကျေးရွာ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လက်တွန်းထွန်စက်များနှင့် မျိုးစပါးများကို ဤသို့ဖြန့်ဝေပေးခဲ့သည်။ (သတင်းစဉ်)

လပွတ္တာမြို့နယ် အုန်းပင်စုကျေးရွာတွင် ဒေသခံပြည်သူများက လယ်မြေများကို စက်ကိရိယာဖြင့် ထွန်ယက်နေကြစဉ်။ (သတင်းစဉ်)

ငါးတန်တစ်ရာကျေးရွာ မြစ်ကြောင်းတစ်လျှောက် ရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေကြသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

စပါးကျီဖောက်မယ့် ကြွက်တွေ-သတိထား

မောင်ခွဲ့ဒိုး

ကြွက်ဆိုတဲ့သတ္တဝါတွေဟာ အဖျက်မှာတော့ ဝိဇ္ဇာပါပဲ။ တောထဲက ကြွက်တွေက စပါးခင်းကို ဖျက်တယ်။ မြို့ထဲရွာထဲက ကြွက်တွေကျတော့ စပါးကျီကိုဖောက်တယ်။ မီးဖိုချောင်ထဲက ငါးခြောက်ပြားကို ချီတယ်။ ဗီရိုထဲက အဝတ်တွေကိုကိုက်တယ်။ မဟုတ်တဲ့နေရာမှာ ဉာဏ်ကောင်းလိုက်ပုံကလည်း သူမတူအောင်ဘဲ။ ဥတင်းထဲက ကြက်ဥကိုတောင် တစ်ကောင်ကကျောပိုးပြီး နောက်တစ်ကောင်က အမြီးဆွဲလို့ ချီပြေးတတ်တဲ့ အကောင်တွေပါ။ အနံ့ခံကောင်းသလောက် အပေါက်ရှာပြီး ဝင်တတ်တဲ့နေရာမှာလည်း ရှာမှရှား။ ကြမ်းကြားပေါက်၊ ထရံပေါက်၊ အပေါက်မှန်သမျှ ရအောင်ရှာပြီး ဝင်တယ်။ အပေါက်မရှိရင် သွားနဲ့ကိုက်ဖောက်ပြီးဝင်တယ်။ မြေအောက်က ဂလိုင်ဖောက်ပြီးဝင်တယ်။

မြန်မာပြည်ကြီးကို ဖျက်ဆီးချင်နေကြတဲ့ ပြည်တွင်းပြည်ပ၊ မြေပေါ်မြေအောက်အဖျက်သမားတွေကလည်း ဒီကြွက်တွေ အတိုင်းပါပဲ။ အမူအကျင့်တွေက တစ်ထေရာတည်းတူလွန်းလို့ ကြွက်တွေများ ဝင်စားလာကြသလားလို့တောင် ထင်ရတယ်ဗျာ။

ကိုယ့်လူတွေသာ အာဏာရမယ်ဆိုရင်'ဘနဖူးကို သိုက်တူးရင်တူးရပစေ' ဆိုတဲ့ လူစားမျိုးတွေပါ။ အခုလည်း နာဂစ်မုန်တိုင်း နှိပ်စက်ခံလိုက်ရလို့ တိုင်းပြည်မှာ အထိနာချိန်မှာကိုပဲ သိန်းနဲ့ချီပြီး သေကြကျေကြ၊ ရစရာမရှိအောင် ပျက်စီးဆုံးရှုံးကြရတဲ့ လူသားအချင်းချင်းကိုမှ အားမနာ၊ မစာနာ မထောက်ထားနိုင်ကြဘဲ ဒီတိုင်းပြည်တော့ ဒုက္ခရောက်ပြီဟ၊ ဒီအစိုးရတော့ အပြုတ်ချရတော့မဟဆိုပြီး ဝမ်းသာအားရ ဝိုင်းတွယ်ချင်ကြတာ၊ ရိုးရိုးပြောရရင် အိပ်ရာထဲလဲနေတဲ့ လူမမာကို လည်မျိုညှစ်ပြီး ဓားပြတိုက်ချင်တဲ့ သူခိုးဓားပြတွေနဲ့ တူလိုက်ပါဘိ သေးတော့တယ်ဗျာ။

နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ပေးရာမှာ မိဘကသားသမီးကို ကျောသားရင်သားမခွဲခြားဘဲ စောင့်ရှောက်သလိုပါပဲ။ တကယ်တမ်းပြောရရင် အခုလာပြီး ထောက်ပံ့ကူညီနေကြတဲ့ ပြည်တွင်း၊ ပြည်ပစေတနာရှင်အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကအလှူရှင်တွေသာ ကာလကြာလာသည်နဲ့အမျှ ကူညီလှူဒါန်းဆောင်ရွက်နိုင်တဲ့အား လျော့သွား၊ ရပ်သွားချင်သွားမယ်၊ နိုင်ငံတော်အစိုးရကတော့ ကိုယ့်ပြည်သူပြည်သားမိသားစုတွေကို ဆက်ပြီးရေရှည်ပြုစုစောင့်ရှောက်ထူထောင်ပေးသွားမှာ ဖြစ်ပါတယ်။ ဘယ်သူ့ကိုမှ ဘယ်လိုအကြောင်းနဲ့မှ လျစ်လျူရှုထားမှာ မဟုတ်ပါဘူး။

'နာဂစ်'ဖြစ်လိုက်လို့ ဝမ်းမြောက်ဝမ်းသာ တိုက်စရာ ဖျက်စရာအကွက်တွေကို ရှာတဲ့နေရာမှာလည်း ကြွက်တွေ အပေါက်ရှာတတ်သလိုပါပဲ။

မြန်မာလူမျိုးတွေက အတိတ်နိမိတ်တွေ ဗေဒင်ယတြာတွေကို ယုံတတ်တယ်ဆိုပြီး 'နာဂစ်'ဖြစ်ပြီးပြီးချင်းထွက်လာတဲ့ နိုင်ငံတကာ စာနယ်ဇင်းတွေမှာ ဒီမုန်တိုင်းဟာ နောက်တစ်ပတ်ကျင်းပမယ့် ဆန္ဒခံယူပွဲကို နတ်ဒေဝတာတွေက သဘောမကျလို့ သဘောမတူကြောင်းပြတဲ့ နိမိတ်၊ စစ်အစိုးရကို ကောင်းကင်ဘုံရဲ့ Mandate မပေးတော့ဘူးဆိုတဲ့ အဓိပ္ပာယ်လို့လည်း ကြံကြံဖန်ဖန် ကြံစည်တွေးတောပြီး ပြောတတ်လိုက်ကြသေးတယ်။

လူတကာ ချောက်ချားအောင် ကောလာဟလတွေ ထုတ်လွှင့်တဲ့နေရာမှာလည်း ထိပ်တန်းကပဲ။ နာဂစ်ပြီးခါစမှာ နာဂစ်ထက်ကြီးတဲ့ မုန်တိုင်းလာတော့မယ်၊ လျှောင်ကြီးလှုပ်တော့မယ်နဲ့ အုတ်အုတ်ကျက်ကျက်ဖြစ်အောင် လုပ်လိုက်သေးတယ်။ အဲဒီအရှိန်က ခုထက်ထိတောင်မှ မရပ်နိုင်သေးဘူးခင်ဗျ။ ဇွန်လ ၁၆ ရက်နေ့မှာ လေးထပ်တိုက်လောက်မြင့်တဲ့ လှိုင်းလုံးကြီးတွေ ရန်ကုန်မြို့ကို တက်လာလိမ့်မယ်၊ ရွှေတိဂုံဘုရားက ခြသေ့်ကြီးတွေက ရေငတ်နေလို့၊ ခြသေ့်ပါးစပ်အထိ ရောက်အောင် ရေတွေတက်လာလိမ့်မယ်ဆိုတဲ့ သတင်းတွေက ထွက်လာလိုက်သေးတယ်။ ယုံတဲ့လူတွေကလည်း ယုံကြတယ်ခင်ဗျာ။ ရန်ကုန်မြို့မှာ အသက်ကယ် အကျီတွေတောင်မှ ဈေးတက်သွားသေးဆိုပဲ။

ဒါတွေဟာ သာမန်အားဖြင့် တွေးကြည့်ရင်တော့ ဘာမှမဟုတ်တဲ့ ကိစ္စပါ။ ဒါပေမယ့် နိုင်ငံရေးတိုက်ကွက်အရတော့ ငြိမ်နေတဲ့ရေကိုလှုပ်ပစ်မှု၊ ဆူအောင်ပွက်အောင်လုပ်မှု၊ လူတွေ စိတ်တုန်လှုပ် ချောက်ချားမှုတွေဖြစ်လာမှု၊ အနည်းဆုံးအားဖြင့်တော့ (Panic Buying) ကြောက်အား လန့်အားနဲ့ ဆန်တွေဆီတွေပြေးဝယ်ကြမယ်၊ ကုန်ဈေးနှုန်းတွေ မတည်မငြိမ်ဖြစ်လာမယ်၊ လူတွေက အစိုးရအပေါ် မကျေမနပ်တွေဖြစ်လာမယ်၊ နိုင်ငံရေးလှုပ်ရှားမှုတွေဖြစ်လာမယ်ဆိုတဲ့အကွက်ကို ဖန်တီးနေတာပါပဲ။ ကြွက်တွေအပေါက်ရှာမရတော့ တွေ့တဲ့နေရာကိုက်ဖောက်သလိုပေါ့ဗျာ။

လေဘေးဒဏ်သင့်တဲ့နေရာတွေမှာလည်း ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်တဲ့နေရာတိုင်းမှာ ရရာနည်းနဲ့ အပေါက်ရှာကိုက်ဖောက်ဖို့ ကြိုးစားနေခဲ့ကြတာပါပဲ။

ပထမဆုံး အစိုးရနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကြားမှာ သပ်လျှိုခဲ့ပါတယ်။ မြန်မာအစိုးရကနိုင်ငံတကာ အကူအညီတွေကို လက်မခံဘဲ၊ ကိုယ့်ပြည်သူတွေကို အသက်ဆုံးရှုံးအောင် လုပ်နေပါတယ်ဆိုပြီး အော်ခဲ့ဟစ်ခဲ့ကြတယ်။ လူသားချင်းစာနာထောက်ထားတဲ့အနေနဲ့ အင်အားသုံးပြီး အတင်းဝင်သင့်ရင် ဝင်ရတော့မယ်လို့လည်း အတည်ပေါက်နဲ့ ဟောက်လား၊ ဟိန်းလား လုပ်ခဲ့ကြသေးတယ်။ ပြောကြပေမပေ့ါ၊ အပေါက်ဝမှာကလည်း စစ်သင်္ဘောတွေက အသင့်ရောက်နေကြပြီကိုး။

မြန်မာအစိုးရက နိုင်ငံတကာအကူအညီတွေကို လက်ခံကြိုဆိုနေပါတယ်ဆိုပြီး ရှင်းလိုက်ပြန်တော့ နိုင်ငံတကာက လှူချင်တဲ့သူတွေ သဒ္ဓါပျက်အောင် တာဝန်ရှိသူတွေက နိုင်ငံတကာ အကူအညီတွေကို လေဘေးသင့်ပြည်သူတွေဆီမပေးဘဲ ကြားကနေ အပြင်ထုတ်ရောင်းစားနေသလိုလို ကျယ်ကျယ်လောင်လောင် ပြောခဲ့ကြပြန်ပါရော။

လေဘေးသင့်ဒေသတွေမှာလည်း အစိုးရနဲ့ ပြည်သူတွေအကြား ထင်ယောင်ထင်မှားဖြစ်အောင် သပ်လျှိုဖို့အတွက် လေဘေးအကူအညီတွေ ဒုက္ခသည်တွေဆီမရောက်ဘူး။ ရောက်ရင်လည်းမဖြစ်စလောက်ပဲ ရောက်တယ်။ နေစရာမရှိတဲ့ ဒုက္ခသည်တွေကို ဘာမှပြင်ဆင်မထားသေးတဲ့ နေရင်းရပ်ရွာတွေဆီ အတင်းနှင်ထုတ်နေတယ်။ လုပ်ကိုင်စားသောက်ဖို့လည်း ဘာမှကူညီမပေးဘူး၊ လယ်စိုက်စရာနွားလည်းမရှိ၊ မျိုးစပါးလည်းမရှိ၊ ဆားငန်ရေပြည့်နေတဲ့လယ်တွေမှာ လယ်လုပ်မရလို့ လယ်သမားတွေပါ ငတ်သေတော့မယ်၊ အစရှိတဲ့ **မဟုတ်တမ်းတရမ်း စွပ်စွဲချက်တွေကို လုပ်ကြံဖန်တီးပြီး သတင်းတွေ လွှင့်ခဲ့ကြပြန်ပါသေးတယ်။ ဒီစွပ်စွဲချက်တွေကလည်း နိုင်ငံပိုင်မီဒီယာတွေမှာ နိုင်ငံတော်အစိုးရ၊ စေတနာရှင်ပြည်သူတွေနဲ့ တပ်မတော်၊ ဌာနဆိုင်ရာဝန်ထမ်းတွေအားလုံးက လက်တွဲညီညီ ကူညီထောက်ပံ့ ဝိုင်းဝန်းလုပ်ကိုင်နေကြတာကို ပေါ်ပေါ်လွင်လွင် ထုတ်လွှင့်ပြသနိုင်ခဲ့တော့ သဲထဲရေသွန်ဖြစ်သွားရပြန်ပါတယ်။**

အဲဒီတော့လည်း တစ်ဖက်လှည့်နဲ့ တပ်နဲ့ပြည်သူတွေအကြား၊ ပြည်သူအချင်းချင်းအကြား သွေးကွဲအောင် ရန်တိုက်ပေးပြန်ပါရော။ ဟိုင်းကြီးကျွန်းမှာ ကယ်ဆယ်ရေးပစ္စည်းဝေတဲ့အခါ တပ်မိသားစုတွေက သာမန်ပြည်သူတွေထက် ဝေစုပိုယူတယ်ဆိုပြီး စွပ်စွဲသံတွေလည်း ထွက်လာပါသေးတယ်။ တကယ်စဉ်းစားကြည့်ရင် တပ်ဆိုတာကိုယ့်ရိက္ခာနဲ့ ကိုယ်ရှိပြီးသား။ ပြန်လည်တည်ဆောက်ရေးမှာလည်း ဌာနဆိုင်ရာ အစီအမံတွေရှိပြီးသားမို့ ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းတွေကို အားကိုးနေစရာသိပ်မရှိပါဘူး။ ပြောရရင်ဘေးပတ်ဝန်းကျင်က လေဘေးဒဏ်သင့်တဲ့ပြည်သူတွေကို တပ်မိသားစုဆရာဝန်တွေ စုဖွဲ့ထားတဲ့ဆေးအဖွဲ့နဲ့လိုက်ပြီး ပြုစုစောင့်ရှောက်ပေးတာတို့၊ ကယ်ဆယ်ရေးနဲ့ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ တပ်မတော်သားတွေပါဝင်ပြီး ကူညီဆောင်ရွက်ပေးနေတာတို့ဟာ ဟိုင်းကြီးကျွန်းတစ်ဝိုက်က ပြည်သူတွေကိုယ်တိုင် သိပြီးသားပါ။

ပြည်သူအချင်းချင်းကြားထဲမှာလည်း လေမုန်တိုင်းဒဏ်ခံရတာချင်းအတူတူ ဗုဒ္ဓဘာသာမြန်မာအများစုနေတဲ့ရွာတွေကို ကယ်ဆယ်ရေးစခန်းတွေထောင်ပေးတယ်၊ ခရစ်ယာန်ဘာသာဝင် ကရင်ကျေးရွာတွေကိုတော့ ဂရုမစိုက်ဘူး၊ ပစ်ထားတယ်ဆိုတဲ့ ကုန်းတိုက်စကားတွေလည်း ထွက်လာပါသေးတယ်။ ဒုတိယကမ္ဘာစစ်ကာလတုန်းက ကရင်-ဗမာ အဓိကရုဏ်းတို့၊ ပြည်တွင်းသောင်းကျန်းမှုကာလက မြစ်ဝကျွန်းပေါ် ဆူပူမှုတို့လို ခုနစ်ဆွေ၊ ရှစ်ဆွေ အနာဟောင်းတွေကို ပြန်ဆွပြီးတော့လည်း မြစ်ဝကျွန်းပေါ်က တိုင်းရင်းသားညီအစ်ကိုချင်း ပြန်ပြီးရန်တိုက်ပေးချင်သေးတယ်။

တကယ်တော့ ဒါတွေဟာ မလုပ်ကောင်းတဲ့ ကိစ္စတွေပါဗျာ။ **သူများတွေ ဒုက္ခရောက်တဲ့အပေါ်မှာ နိုင်ငံရေးအမြတ်မထုတ်သင့်ပါဘူး။ နိုင်ငံပိုင်ရုပ်မြင်သံကြားအစီအစဉ်တွေမှာလည်း လေဘေးသင့်ဒေသတွေမှာ လူမျိုးဘာသာ မခွဲခြားဘဲ ကယ်ဆယ်ကူညီ ထောက်ပံ့ပေးနေတာ၊ ပြန်လည်ထူထောင်တည်ဆောက်ပေးနေတာ မျက်ဝါးထင်ထင် တွေ့မြင်နေရတာပဲ။ ဘုန်းကြီးကျောင်းတွေရော၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွေရော၊ ဗလီဝတ်ကျောင်းတွေရော လေဘေးဒဏ်ခံရတာလည်း အတူတူပဲ၊ ပြန်လည်တည်ဆောက်ကြရာမှာလည်း အတူတူပါပဲ။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတွေကို ကာကွယ်စောင့်ရှောက် ပေးရာမှာ မိဘက သားသမီးကို ကျောသားရင်သားမခွဲခြားဘဲ စောင့်ရှောက်သလိုပါပဲ။ တကယ်တမ်းပြောရရင် အခုလာပြီး ထောက်ပံ့ ကူညီနေကြတဲ့ ပြည်တွင်း၊ ပြည်ပစေတနာရှင်အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကအလှူရှင်တွေသာ ကာလကြာလာသည်နဲ့အမျှ ကူညီလှူဒါန်း ဆောင်ရွက်နိုင်တဲ့အား လျော့သွား၊ ရပ်သွားချင်သွားမယ်၊ နိုင်ငံတော် အစိုးရကတော့ ကိုယ့်ပြည်သူပြည်သား မိသားစုတွေကို ဆက်ပြီး ရေရှည်ပြုစုစောင့်ရှောက်ထူထောင်ပေးသွားမှာ ဖြစ်ပါတယ်။ ဘယ်သူ့ကိုမှ ဘယ်လိုအကြောင်းနဲ့မှ လျစ်လျူရှုထားမှာ မဟုတ်ပါဘူး။**

ဒီလိုအခြေအမြစ်မရှိတဲ့ လုပ်ကြံဖန်တီးစွပ်စွဲချက်တွေကို လေထဲကလာတာ လေထဲမှာ ပျောက်သွားလိမ့်မယ်လို့ ပေ့ါပေ့ါတန်တန်တော့ သဘောမထားသင့်ပါဘူး။ ဒါတွေဟာ စပါးကျီလိုကြွယ်ဝတဲ့ မြန်မာနိုင်ငံကိုဖျက်ဖို့ ရရာလမ်းကြောင်းက ကြွက်တွေအပေါက်ဖောက်နေကြတာပဲလို့ သဘောပေါက်ထားဖို့လိုပါတယ်။ ကြွက်ဆိုတာ အပေါက်ဖောက်ပြီးတာနဲ့ဝင်ပြီး တွေ့ကရာကို ဖျက်ဆီးတော့တာပါပဲ။

ဒီကနေ့ကမ္ဘာမှာ စားနပ်ရိက္ခာအကျပ်အတည်း၊ လောင်စာဆီအကျပ်အတည်း၊ စီးပွားရေးအကျပ်အတည်းစတဲ့ အကျပ်အတည်းတွေ အမျိုးမျိုးနဲ့ စစ်ပွဲတွေ၊ အကြမ်းဖက်မှုတွေစတဲ့ ခြိမ်းခြောက်မှုအမျိုးမျိုးတွေကို ရင်ဆိုင်နေကြရတဲ့အချိန်မှာ ကိုယ့်နိုင်ငံကို ခိုင်ခိုင်မာမာ လုံလုံခြုံခြုံနဲ့ အေးအေးချမ်းချမ်းရှိနေအောင် ကြိုးစားကြရမှာက နိုင်ငံသားအားလုံးရဲ့တာဝန်ပါ။ ဒါကြောင့် အဖျက်သမားကြွက် သောင်းကျန်းတွေ ဝင်မလာနိုင်စေဖို့ ကြွက်ဝင်ပေါက်မရှိရလေအောင် အမျိုးသားရေးစိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်ဆိုတဲ့ ကျောက်သား နံရံတွေနဲ့ ခိုင်ခိုင်မာမာကာရံထားဖို့လိုမှာဖြစ်ကြောင်း အသိမဝေးကြစေဖို့ သတိပေးလိုက်ပါရစေခင်ဗျား။ ။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းပွဲ တက်ရောက်အားပေး

ရန်ကုန် ဇွန် ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဧဒင်အုပ်စု ကုမ္ပဏီလီမိတက်တို့က ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၇ ရက် နံနက် ၉ နာရီခွဲတွင် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်များဖြစ်ကြသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပျက်စီးယိုယွင်းသွားသော ကျောင်းဆောင်များကို ပြန်လည်ပြုပြင်ခြင်း၊ ယာယီစာသင်ဆောင်များ ဆောက်လုပ်ပေးခြင်းဖြင့် အချိန်မီ ကျောင်းများပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ဆက်လက် ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများ၊ ကျောက်သင်ပုန်းကြီးများ လှူဒါန်းမှုအတွက် ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက လှူဒါန်းသောငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ ရှစ်ပေ၊ လေးပေ ကျောက်သင်ပုန်းကြီး အချပ် ၁၀၀နှင့် ဧဒင်အုပ်စု ကုမ္ပဏီလီမိတက်က လှူဒါန်းသော ဗလာစာအုပ် ၁၂၀၀၀ နှင့်ခဲတံ ၁၂၀၀၀ တို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူး ဒေါ်မြသွင်က လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့မှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့သည် ဒေးဒရဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အိုးဘိုအခြေခံပညာ မူလတန်းကျောင်းများသို့ သွားရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု၊ သင်ကြားသင်ယူမှုများကို ကြည့်ရှုစစ်ဆေးမေးမြန်းကာ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကြသည်။

ထို့မှတစ်ဆင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ကွမ်းခြံကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ထန်းတောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ယာယီကျောင်းဆောင်၊ ဒေးမြန်မာညောင်ငူကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ယာယီကျောင်းဆောင်၊ ဒေးဒနော့စံပြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ကော့မှူးမြို့ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုနှင့် သင်ကြားသင်ယူမှုများကို မေးမြန်းစစ်ဆေး ကြည့်ရှုကာ ထူးချွန်ထက်မြက်သူများဖြစ်အောင် ကြိုးစားကြရန်နှင့် လိမ္မာရေးခြားရှိရန် ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့် ဧရာဝတီတိုင်း ဖျာပုံမြို့ မြို့အင်္ဂါရပ်နှင့်အညီ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
(သတင်းစဉ်)

အရာထမ်းအခြေခံသင်တန်းနှင့် အရာထမ်းလောင်း အခြေခံသင်တန်းများဖွင့်လှစ်

ရန်ကုန် ဇွန် ၁၈

အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၁၇၈) နှင့် အရာထမ်းလောင်း အခြေခံသင်တန်း အမှတ်စဉ် (၂၈) ဖွင့်ပွဲများကို ဇွန် ၁၇ ရက် နံနက် ၇ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အုန်းတောခန်းမ၌ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၁၇၈) နှင့် အရာထမ်းလောင်း အခြေခံသင်တန်း အမှတ်စဉ်(၂၈) တို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၄၄ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုး

ရန်ကုန် ဇွန် ၁၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအရေးပေါ်ပြင်ဆင်မှုတိုးမြှင့်ဆောင်ရွက်ရန်အတတ်ပညာပိုင်းဆိုင်ရာ အကူအညီပေးရေးစီမံကိန်း (Immediate Technical Assistance to Strengthen Emergency Preparedness For Highly Pathogenic Avian Influenza Project)နှင့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ နီပေါနှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးစီမံကိန်း (Strengthening Cross Border Activities among Bangladesh, India, Nepal and Myanmar to Control Possible cross-border of HPAI)များ ဆောင်ရွက်ရန် သဘောတူ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၁၁ နာရီတွင် အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် FAOမှ ယာယီဌာနေ ကိုယ်စားလှယ် Mr. Leon Gouws တို့က အမှာစကား ပြောကြားကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် FAO မှ ယာယီဌာနေ ကိုယ်စားလှယ် Mr. Leon Gouws တို့က ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး စီမံကိန်းနှစ်ရပ်အား ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်ကိုလက်မှတ်ရေးထိုးကြသည်။**(ယာပုံ)**

ထောက်ပံ့

မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ရေး အရေးပေါ် ပြင်ဆင်မှု တိုးမြှင့်ဆောင်ရွက်ရန် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီပေးရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ နှင့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ နီပေါနှင့် မြန်မာနိုင်ငံနယ်စပ် ဒေသများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး ဒေသဆိုင်ရာစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀၀ကို USAID က ထောက်ပံ့ပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မိုးဦးကျကာလတွင်ဖြစ်ပွားလေ့ရှိသော ကျွဲ၊ နွား၊ ခွာနာလျှာနာအတွက် ကြိုတင်ကာကွယ်ရန်သတိပေးနှိုးဆော်ချက်

(၁၅-၆-၂၀၀၈)နေ့

၁။ မြန်မာနိုင်ငံအတွင်းရောဂါကူးစက်ဖြစ်ပွားမှု

မိုးရာသီကာလတွင် ကျွဲ၊ နွား ခွာနာလျှာနာရောဂါသည် အောက်ဖော်ပြပါ အခြေအနေများကြောင့် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်-

- လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းစေရန်အတွက် ကျွဲ၊ နွားများ ရောင်းဝယ်ပြောင်းရွှေ့ သယ်ယူကူးသန်းသွားလာရာမှ ရောဂါကူးစက်ဖြစ်ပွားခြင်း။
- ခြောက်သွေ့ပူပြင်းမှုနှင့် စိုစွတ်မှုအပြောင်းအလဲအရ ရောဂါဖြစ်ပွားမှုအခွင့်အလမ်းပိုများခြင်း။
- ကျွဲ၊နွားများ ရောင်းဝယ်လွှဲပြောင်းရာတွင် ခွာနာလျှာနာရောဂါဖြစ်ပွားခဲ့သော ကျွဲ၊ နွားများမှ ရောဂါပိုး သယ်ဆောင်၍ အခြားရောဂါခုခံမှုအားနည်းသော တိရစ္ဆာန်များသို့ ကူးစက်ခြင်း။
- ခွာနာလျှာနာရောဂါဗိုင်းရပ်စ်ပိုး၏ သဘာဝအရ စိုထိုင်းဆများသော မိုးကာလတွင် လေမှတစ်ဆင့် အလွန်ဝေးကွာသော နေရာများရှိ အခြားခုခံမှုနည်းသော တိရစ္ဆာန်များသို့ ကူးစက်ခြင်း။
- ကျွဲ၊ နွား၊ လွှတ်ကျောင်းစားကျက်များမှတစ်ဆင့် ကျွဲ၊ နွားအချင်းချင်း ထိတွေ့၍ကူးစက်ခြင်း။
- ရောဂါဖြစ်ပွားသော တိရစ္ဆာန်များအား ခြံလှောင်ထားခြင်းမပြုဘဲ လွှတ်ကျောင်းသည့်အတွက် အခြားတိရစ္ဆာန်များသို့ ကူးစက်စေနိုင်ခြင်း။
- ရောဂါဖြစ်သော တိရစ္ဆာန်နှင့် ရောဂါမဖြစ်သောတိရစ္ဆာန်များကို ခြံတစ်ခုတည်းတွင်အတူတူထားရှိခြင်း။
- သိုး၊ ဆိတ်၊ ဝက်များမှ တစ်ဆင့်လည်း ကျွဲ၊ နွားသို့ ရောဂါကူးစက်နိုင်ခြင်း။
- ရောဂါဖြစ်ပွားမှုကို အလေးမမူဘဲ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများသို့ သတင်းပေးပို့မှု နောက်ကျခြင်း။
- ရောဂါဖြစ်တိရစ္ဆာန်များအား စနစ်တကျကာကွယ်ခြင်းမပြုလုပ်ဘဲ ဆေးမြီးတိုများနှင့်သာ ကုသခြင်း။

၂။ ရောဂါကြိုတင်ကာကွယ်တားဆီးရေး

ကျွဲ၊ နွား၊ ခွါနာလျှာနာရောဂါဖြစ်ပွားပါက တောင်သူလယ်သမားအနေဖြင့် လယ်ယာလုပ်ငန်းခွင်တွင် ထိခိုက်ဆုံးရှုံးမှုများရှိနိုင်၍ အောက်ဖော်ပြပါ ရောဂါကြိုတင်ကာကွယ်မှုလုပ်ငန်းများကို တိရစ္ဆာန်ကျန်းမာရေးအသိဖြင့် သတိပြုလုပ်ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်-

မိုးဦးကျကာလတွင်ကျွဲ၊ နွားများရောင်းဝယ်ပါက ခွာနာလျှာနာရောဂါ ဖြစ်ပွားမှုမရှိသော ဒေသမှ ကျွဲ၊ နွားများကို ရွေးချယ်ဝယ်ယူခြင်း။

- မိမိဒေသပတ်ဝန်းကျင်တွင် ခွာနာလျှာနာရောဂါ ဖြစ်ပွားကြောင်း သိရှိပါက မိမိပိုင်ကျွဲ၊ နွား များအားစားကျက်သို့ လွှတ်ကျောင်းခြင်းမပြုဘဲ ခြံလှောင်၍ အာဟာရဖြစ်စေနိုင်သောအစာများကိုကျွေးမွေးခြင်း။
- ရောဂါဖြစ်တိရစ္ဆာန်များအား စားကျက်သို့မလွှတ်ဘဲ ခြံလှောင်၍ သီးခြားပြုစုကုသခြင်း။
- ရောဂါဖြစ်တိရစ္ဆာန်များအား လျှာကိုကျောက်ချဉ်ရည်(၁၀-ရာခိုင်နှုန်း) ဖြင့် တစ်နေ့သုံးကြိမ် ပွတ်လိမ်းပေးခြင်း။
- ခွာနာကို ဆေးကတ္တရာအရည်သုတ်လိမ်း၍ ခြောက်သွေ့သောနေရာတွင် ထားရှိခြင်း၊ ဆေးကတ္တရာအရည် မရရှိပါက မူမှန်ဆားရည် (၀. ၈၅ ရာခိုင်နှုန်း)ဖြင့် ဆေးကြောခြင်း။
- ရောဂါဖြစ် တိရစ္ဆာန်မှ စွန့်ထုတ်သောကျင်ကြီး၊ ကျင်ငယ်များအား စနစ်တကျစုပုံထိန်းသိမ်းရန်နှင့် ကျွဲ၊နွားထားသည့်နေရာနှင့် ခြံပတ်ဝန်းကျင်များကို သန့်ရှင်းရေးပြုလုပ်၍ ထုံးမှုန့်ဖြူးပေးခြင်း။
- မိမိဒေသတွင် ခွာနာလျှာနာရောဂါဖြစ်ပွားကြောင်း သိရှိပါက သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များသို့ ဆောလျင်စွာ အကြောင်းကြားခြင်း၊ ရောဂါထိန်းချုပ်ရန်အတွက် ရောက်ရှိလာသော ဌာနဆိုင်ရာအဖွဲ့အစည်းများအား ပူးပေါင်းပါဝင်ကူညီခြင်း။
- မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ လိုအပ်ပါက ကြိုတင်ကာကွယ်ဆေးများကို ထိုးနှံပေးခြင်း။

၃။ ဆောလျင်စွာသတင်းပေးပို့ရေး (Early Reporting)

ဒေသအာဏာပိုင်အဖွဲ့၊ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်နှင့် ပြည်နယ်တိုင်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များသို့ ဆောလျင်စွာသတင်းပို့၍ ရောဂါဖြစ်ပွားမှုကို လျင်မြန်စွာထိန်းချုပ်နိုင်ရေး (Rapid response) ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

❖ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးအသင်း၊ မီးသတ်တပ်ဖွဲ့နှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဝတ်စုံများ၊ ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ၊ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မုန်တိုင်းသင့် ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးပို့လှူဒါန်းခဲ့ကြသည့်အတွက် ကျေးဇူးအထူးပင်တင်ရှိပါကြောင်း၊ တာချီလိတ်မြို့သည် နယ်စပ်မြို့ဖြစ်သည်နှင့်အညီ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများသည် နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်မှုနှင့် မိမိတိုင်းပြည်ဂုဏ်သိက္ခာမြင့်မားရေးတို့ကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် အကျယ်တဝင့်ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းဖြတ်မြို့သို့ရောက်ရှိပြီး မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ဒေသခံရပ်မိ ရပ်ဖများနှင့်တွေ့ဆုံရာ ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထူးက မြို့နယ်အတွင်း စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝတ်စုံများ၊ မီးသတ်တပ်ဖွဲ့ဝတ်စုံများ၊ ကျောင်းဝတ်စုံများ၊ ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးရေး၊ ဌာနဆိုင်ရာများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် လက်တွဲ၍ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့်တွေ့ဆုံရာ ရှေးဦးစွာ မိုင်းဖြတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးထွန်းရွှေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းလက်တွဲဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းဖြတ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်ပြီး ခွဲစိတ်ခန်းများ၊ ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဘိုကလေးမြို့နယ် လေဘေးသင့်ကျေးရွာများသို့ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကျေးရွာသို့ မော်တော်ဖြင့်ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအတွက် ကျေးရွာပြန်လည်ဆောက်လုပ်နေရာချထားမည့် နေရာ၊ နိုင်ငံတော်နှင့် ထူးထရိတ်ဒင်းကုမ္ပဏီတို့ လှူဒါန်းထားသည့် လက်တွန်းထွန်စက်များဖြင့် စုပေါင်းထွန်ယက်နေမှုနှင့် စာသင်ကျောင်း ဆောက်လုပ်မည့်နေရာနှင့် ကျေးရွာအတွင်း ရိက္ခာဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျွန်းသာယာကျေးရွာသို့ ရောက်ရှိပြီး လေဘေးသင့် ပြည်သူများအတွက် ကျေးရွာပြန်လည်ဆောက်လုပ် နေရာချထားပေးမည့် နေရာ၊ လက်တွန်းထွန်စက်များ ရောက်ရှိနေမှု၊စက်ရေတွင်းမှ ရေချိုရရှိနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအတွင်း လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည်စက်ဆန်းကျေးရွာသို့ရောက်ရှိပြီး အထက်တန်းကျောင်းအတွက် ယာယီစာသင်ကျောင်းဆောင်များ ဆောက်လုပ်ပေးနေမှု၊ လေဘေးသင့်ပြည်သူများအတွက် ကျေးရွာပြန်လည်ဆောက်လုပ်ပေးမည့် နေရာ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ကျေးရွာသန့်ရှင်းသာယာလှပရေးဆောင်ရွက်ပေးနေမှု၊ ကျေးရွာအတွင်း သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု၊ ဈေးရောင်းဈေးဝယ် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် မော်တော်ဖြင့် ဘိုကလေးမြို့နယ် တမံကြီးကျေးရွာအတွင်း ကိုယ်ပိုင်လှေများပြန်လည်တည်ဆောက်နေမှု၊ မငယ်လေးကမ်းပတ်ရေကာတာကို ယန္တရားကြီးဖြင့် တာပတ်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မငယ်လေးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအတွက် အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး မငယ်လေးရေတံခါးပြုပြင်ရန်လိုအပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဗျူးစခန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဆရာတော် သံဃာတော်များအား သင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ ဘုန်းတော်ကြီးကျောင်းမိုးရန် သွပ်များလှူဒါန်းပြီး ကျေးရွာအတွက် ရိက္ခာဖြန့်ဝေနေမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာအတွက်အဝတ်အထည်နှင့် စားစရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မဂူအုပ်စု(၂)ကွက် ကျေးရွာသို့ရောက်ရှိကာ ကျေးရွာဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်အား သင်္ကန်းဆက်ကပ်လှူဒါန်း၍ ကျောင်းအတွက် လိုအပ်သော အမိုးသွပ်များလှူဒါန်းပြီးကျေးရွာအတွက် အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ဘိုကလေးမြို့ ဈေးကြီးအတွင်း ဈေးရုံများပြုပြင်နေမှု၊ ဈေးအတွင်း ဈေးရောင်းဈေးဝယ် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇွန်၁၇ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့ မြို့မဆွမ်းလောင်းအသင်း ဓမ္မာရုံ၌ ကျင်းပသည့် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲသို့ တက်ရောက်သည်။

ထို့နောက်ဝန်ကြီးသည်ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံး၌ ပြင်သစ်သမ္မတနိုင်ငံ Corps Mondial De Secours အဖွဲ့မှ Jean Uande Cantin ခေါင်းဆောင်သည့် အဖွဲ့ဝင်၁၄ဦးပါ ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့အား နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် လေဘေးကယ်ဆယ်ရေးကွပ်ကဲရေးရုံး၌ကျင်းပသည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်အားပေးသည်။ အခမ်းအနားတွင် Myanmar Asia Express ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်က ဆန်အိတ်၁၀၀၀၊ Asia Green ကုမ္ပဏီမှ ဦးမင်းလတ်က ဆန်ဝယ်ရန် ငွေကျပ်သိန်း၅၀နှင့် တာပေါ်လင်စ၁၅လိပ်၊ မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းမှ အလှူငွေကျပ်သိန်း၁၅၀တို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးသိန်းထံ ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်

(သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့နယ် တမံကြီး ကျေးရွာတွင် ကိုယ်ပိုင်လှေများ ပြန်လည် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တော)

လေဘေးသင့်ကျေးရွာများသို့ဖြန့်ဝေရန် မြောင်းမြမြို့မှဆားအိတ်များ မော်လမြိုင်ကျွန်းမြို့သို့ရောက်ရှိ

ရန်ကုန် ဇွန် ၁၈

မော်လမြိုင်ကျွန်းမြို့နယ်ရှိ မုန်တိုင်းသင့်ကျေးရွာများအား ထောက်ပံ့မှုပစ္စည်းများ ပေးရန် သီတာမောင်စက်လှေသည် ဇွန်၁၈ရက် နံနက်ပိုင်းတွင် မော်လမြိုင်ကျွန်းမြို့ဆိပ်ကမ်းသို့ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ သီတာမောင်စက်လှေပေါ်၌ လေဘေးသင့်ကျေးရွာများအတွက် ဖြန့်ဖြူးဝေပေးရန် မြောင်းမြမြို့မှ တစ်အိတ်လျှင် ပိဿာ၄၀ရှိ ဆားအိတ်ပေါင်း ၂၅၀၀ တင်ဆောင်လာခဲ့ခြင်းဖြစ်ပြီး အမြန်ဆုံးဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သီလပေးတရားချီးမြှင့်

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မြနန္ဒာလမ်း ခြံအမှတ်(၃၁၁)ရှိ အာရာမ်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံဂရုဘဏ်၊ လဟုဘဏ်ပစ္စည်းအားလုံးကို မူလပိုင်ရှင်ဒေါ်ဂိတ်ပို့က မန္တလေးမြို့ဒက္ခိဏာရာမ ဘုရားကြီးတိုက် အတုလကာရီဆင်မင်းကျောင်း၌ သီတင်းသုံးနေထိုင်လျက်ရှိသော အရှင်ဩဘာသာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)အား လှူဒါန်းပေးအပ်ပွဲကို ဇွန် ၁၇ ရက်က ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ငွေကြာရံဆရာတော် ဘဒ္ဒန္တရေဝတ သီလပေးတရားချီးမြှင့်စဉ်။ (၃၅)

ရေလုပ်ငန်းသုံးပစ္စည်းများ အရစ်ကျစနစ်ဖြင့်ရောင်းချမည်

ရန်ကုန် ဇွန် ၁၈

လေဘေးဒဏ်သင့် လပွတ္တာမြို့နယ်၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် လပွတ္တာမြို့နယ် ရေလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကျေးရွာများ၌ ရေလုပ်ငန်းလုပ်ကိုင်ကြသူများအား လှေ၊ ငါးဖမ်းပိုက်၊ ကဏန်းထောင်မြှုံးစသည့် လုပ်ငန်းသုံးပစ္စည်းများအနက် အသေးစားပစ္စည်းများကို အခမဲ့ဖြန့်ဝေပေးလျက်ရှိပြီး အကြီးစားလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေပေးချေစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

လပွတ္တာမြို့နယ်၌ ကဏန်းဒိုင် ၄၂ခုနှင့် ငါး၊ ပုစွန်ဒိုင် ၁၆ခုတို့က ကကတစ်၊ ပုစွန်ရေငန်တိုက်ဂါး၊ ရေချိုပုစွန်၊ ရေငန်ပုစွန်ဘော့ဂျိတ်၊ ကဏန်းထီးရှယ်၊ ကဏန်းမရှယ်၊ ကဏန်းဂွန်တို့ကို နေ့စဉ်ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၆-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူ ကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၇း၅၅	၅။	မြန်မာစာ မြန်မာစကား
၈း၀၀	၆။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀	၇။	အကပဒေသာ
၈း၃၀	၈။	International News.
၉း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၃၅	၄။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၄၅	၅။	လက်ဆင့်ကမ်းပေးဂီတတေး
၄း၅၅	၆။	တံတားအလှပန်းလောင်
၅း၁၀	၇။	မူဟန်သွယ်သွယ်ဆိုကြမယ်
၅း၂၀	၈။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	တေးဂီတအစီအစဉ်
၆း၅၀	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကော်ဖီချစ်သူ"(အပိုင်း-၅)**
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၃)**
	၁၇။	အစီအစဉ်ပြီး၏။

စေတနာသမ္မာရ ဝတ်အသင်းကြီး၏ ရာပြည့်အထိမ်းအမှတ် အလှူတော်ကျင်းပ

ရန်ကုန် ဇွန် ၁၈

ကြည့်မြင်တိုင်နယ်လုံးဆိုင်ရာ စေတနာသမ္မာရဝတ်အသင်းကြီး၏ ရာပြည့်အထိမ်းအမှတ် အထူးအလှူတော်ပွဲကြီးကို ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ရွှေတိဂုံစေတီရင်ပြင်တော် ရှေးဟောင်းရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ငါးပါးသီလ ခံယူကြပြီး ဆရာတော်ကြီးက ဩဝါဒကထာမြွက်ကြားတော်မူသည်။ ထို့နောက် စေတနာသမ္မာရဝတ်အသင်း ဥက္ကဋ္ဌ ဦးကျော်အေးက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ရွှေပြားသက်န်းတော်များကို အသစ်ဆက်ကပ်လှူဒါန်းပူဇော်နိုင်ရေးနှင့် ရင်ပြင်တော်ပေါ်ရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် နှစ်တစ်ရာပြည့်ပြီဖြစ်သော စေတနာသမ္မာရဝတ်အသင်းကြီး၏ အထူးအလှူတော်ပွဲကို ယခုကဲ့သို့ ကျင်းပရခြင်းဖြစ်ကြောင်း လျှောက်ထားသည်။

ဆက်လက်၍ ပုဂ္ဂလိကအလှူရှင်များနှင့် အများကောင်းမှု အလှူရှင်များက ရွှေစင်ရွှေသား ရွှေပြားတော် ၄၈ ကျပ်သားကိုလည်းကောင်း၊ အလှူတော်ငွေကျပ် သိန်း ၅၀ (စုစုပေါင်း ငွေကျပ် သိန်း ၃၀၀ ကျော်)ကိုလည်းကောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးမင်းထွဋ်၊ ဦးဘရွှေ၊ ဦးစောမောင်သို့လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူသည်။ **(အပေါ်ယာပုံ)**

၁၂၇၀ ပြည့်နှစ်မှစတင်တည်ထောင်ခဲ့သော ကြည့်မြင်တိုင်နယ်လုံးဆိုင်ရာ စေတနာသမ္မာရ ဝတ်အသင်းကြီးအနေနှင့် ရာပြည့်ပွဲတော်ကြီးကို ရာပြည့်ဆိုင်းဘုတ်တင် ပူဇော်ပွဲများ၊ ရွှေပြားသက်န်းတော် လှည့်လည်ပူဇော်ပွဲများ၊ ရွှေပြားအလှူတော် ရေစက်ချအခမ်းအနားများ၊ နိဗ္ဗာန်ဈေးပွဲတော်များ၊ အထူးအလှူတော်ပွဲများ ဆင်နွှဲခဲ့ကြသည်။ စေတနာသမ္မာရဝတ်အသင်းကြီးမှ နှစ်တစ်ရာပြည့်ပွဲတော်အထိ လှူဒါန်းပြီးခဲ့သည့် ရွှေပြားစုစုပေါင်းမှာ ၃၃၂ချပ်ဖြစ်၍ အလေးချိန်အားဖြင့် ၁၃ပိဿာ ၄၄ကျပ်သားရှိကြောင်း သိရသည်။

(ကြေးမုံ)

တောင်ပိုင်းဒေသများ မိုးလျော့နည်းမည်

မြန်မာနိုင်ငံနှင့်အနီးဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် ဇွန် ၁၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့်မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်တွင် ၁ဒသမ၇၇လက်မ၊ စစ်တွေမြို့တွင် ၃ဒသမ ၅၄လက်မ၊ မချမ်းဘောမြို့တွင်၂ဒသမ၈၄လက်မ၊ ကျောက်ဖြူမြို့တွင် ၂ဒသမ၅၂လက်မ၊ ပူတာအိုမြို့တွင်၂ဒသမ၄၀လက်မ၊ ပင်လောင်းမြို့တွင် ၁ဒသမ၉၇လက်မနှင့် ဟုမ္မလင်းမြို့တွင် ၁ ဒသမ ၈၁ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အများအားဖြင့် အားကောင်းနေသည်။

ဇွန် ၁၉ရက် ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့်ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက် မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးလျော့နည်းသွားမည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၁ဒသမ ၀ဒီဂရီစင်တီဂရိတ် (၈၈ ဒီဂရီဖာရင်ဟိုက်) ၁၇-၆-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ဒသမ ၅ဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီဖာရင်ဟိုက်) ၁၈-၆-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း ၁၈-၆-၂၀၀၈

နေပူသည့်နာရီပေါင်း (၀ ဒသမ ၂)နာရီခန့် ၁၇-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၈-၆-၂၀၀၈	၃မမ(၀.၁၂လက်မ)	၆မမ(၀.၂၃လက်မ)	၄မမ(၁၀.၁၆လက်မ)
၁-၁-၂၀၀၈ မှ ယနေ့အထိ	၉၁၅မမ(၃၆.၀၂လက်မ)	၁၁၀၂မမ(၄၃.၃၈လက်မ)	၁၄၂၆မမ(၅၆.၁၄လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၇-၆-၂၀၀၈ ရက် ၁၂း၁၅ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၄ မိုင်နှုန်း တိုက်ခတ်သည်။

မုန်တိုင်းသင့် ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၁၈

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေ လက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

ဇွန် ၁၇ ရက်နှင့် ယနေ့ လှူဒါန်းကြသော အလှူရှင်များမှာ Modern Girl & Angel ဝန်ထမ်းများ၊ ကျောက်တံတားမြို့နယ်က ငွေကျပ် ၃၅၀၀၀၊ဒေါ်ရင်ကြည် ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) (၈၅)နှစ်ပြည့် မွေးနေ့အလှူ(မကွေးမြို့)က ငွေကျပ် ငါးသောင်း၊တော်စီကိန်းတျောင်တောင် ဘုရားကျောင်း လသာမြို့နယ်က ငွေကျပ် တစ်သိန်း၊ တပ်မတော် (ကြည်း)၊ တိုက်ခိုက်ရေး(ဗထူး) ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ်(၁၆၇) သင်တန်းသားများက ငွေကျပ် ငါးသိန်း၊ ဦးခင်မောင်မြင့်နှင့် ဒေါ်ဝင်းကြည်၊ သမီး မအိဇာမြင့် မိသားစု ဒိုင်းမွန်းအချိုရည်နှင့် ရေခဲစက်ရုံဝန်ထမ်းအိမ်ရာက ငွေကျပ် တစ်သိန်း၊ မြဝတီမြို့နယ် ပြည်သူများက ငွေကျပ် ၁၄၁၅၀၀၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဏုမြူစွမ်းအင်ဦးစီးဌာနက ငွေကျပ်လေးသိန်း၊ ဒေါ်ပြော့ မိသားစု တရုတ်(တိုင်ပေ)က ငွေကျပ်ငါးသိန်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၈၅) ကျောင်းဆင်းအရာရှိနှင့် ဇနီးမိသားစုများက ငွေကျပ် ၁၅ သိန်း၊ ဦးသက်လွင်နှင့် ဒေါ်ကြည်ကြည်ဝင်း မိသားစု၊ဦးဇော်တင့်နှင့်ဒေါ်ပိုပိုမွန် မိသားစု (ရွှေသံလွင် ပင်လယ်ကမ်းဝေး ငါးဖမ်းစက်လှေလုပ်ငန်း) တို့က ငွေကျပ်သိန်း ၁၅၀၊ ဦးတီပိုးနှင့် ဒေါ်အင်ကြည်မိသားစု (လမ်းမတော်)က ငွေကျပ် သိန်း ၁၀၀၊ H.E. Dr. Cham Prasidh, (Senior Minister & Minister of Commerce of the Kingdom of Cambodia) က အမေရိကန်ဒေါ်လာ ၂၀၀၀၊ ISHIKAWA-MYANMAR Friendship Association က အမေရိကန်ဒေါ်လာ ၂၅၀၀၊ Kawasaki Plant Systems, Ltd. Japan က အမေရိကန်ဒေါ်လာ ၄၅၆၉၃ ဒသမ ၄၂၊ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ မြန်မာသံရုံးမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၃၄၀၀၊ Petsovietnam Corporation Ltd. Hanoi, Vietnam က ယူရိုငွေ ၁၇၅၀၅ ဒသမ ၁၃ အပါအဝင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၂၈၃၂၆၅၀၀၊ အမေရိကန် ဒေါ်လာ ၅၃၅၉၃ ဒသမ ၄၂ နှင့် ယူရိုငွေ ၁၇၅၀၅ ဒသမ ၁၃ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေထံ မုန်တိုင်းသင့်ပြည်သူများအတွက်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၅) ကျောင်းဆင်း အရာရှိများက ကျောင်းဆင်း (၁၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၆-၂၀၀၈ (ကြာသပတေးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အစွမ်းထက်သောပရိတ်များ"တရားတော် (ပရိတ်၊ မဟာသမယ၊ ဥပ္ပါတသန္တိ) အရှင်နန္ဒောဘာသာဘိဝံသ (ကျိုက်ထိုဆရာတော်)
၇း၅၅ - ၁း၅၅	နိဗ္ဗာန်ဆီသို့…အမေးအဖြေများ
၈း၂၀ - ၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅ - ၂း၂၅	ပြည်တွင်းအနုပညာရေးရာ
၈း၄၅ - ၂း၄၅	လေ့လာသင်ယူချင်စရာAikido နည်းပညာ
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅- ၃း၂၅	ACT အေးချမ်းသာပရဟိတကျောင်း
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	ကြည်နူးဖူးမဝသည်ထူးလှသည့် ဓာတ်တော်တိုက်ဆီ
၁၀း၃၅ - ၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ - ၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅ - ၄း၄၅	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	သစ်ခွ
၁၁း၃၅ - ၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀ - ၅း၄၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "နှလုံးသားစီရင်ခန်း"
၁၂း၀၅ - ၆း၀၅	Say It In English
၁၂း၁၅ - ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	အဖိုးတန်ဆေးဖက်ဝင်မြန်မာ့တိုင်းရင်းဆေးဥယျာဉ်
၁၂း၄၀ - ၆း၄၀	နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝန်ထမ်းရေးရာဦးစီးဌာန ဌာနတွင်းသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၁၈

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ စာရေးဝန်ထမ်း ရုံးလုပ်ငန်းနှင့် ကွန်ပျူတာ အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၈ရက်တွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၇)၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇံလှ တက်ရောက်၍ ဆုရရှိသူ သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ **(ယာပုံ)**

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၆ ဦး တက်ရောက်ခဲ့ပြီး ရုံးလုပ်ငန်း အခြေခံဘာသာရပ်ခုနစ်မျိုးနှင့် ကွန်ပျူတာ အခြေခံဘာသာရပ် လေးမျိုးတို့ကို လေ့ကျင့် သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီအိုင်အေနှင့်စပိန်ပါတီက အဖျက်သမားများအား လေ့ကျင့်ပေးနေသည်ဟု နီကာရာဂွါစွပ်စွဲ

မနာဂွါ ဇွန် ၁၈

နီကာရာဂွါနိုင်ငံ အာဏာရပါတီ၏ တရားဝင်ရေဒီယိုအသံလွှင့်ဌာနက အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့(စီအိုင်အေ)နှင့် စပိန်ပါတီတို့သည် နိုင်ငံမငြိမ်မသက်ဖြစ်စေရန် လူငယ်များကို လေ့ကျင့်ပေးလျက်ရှိကြောင်း တနင်္ဂနွေနေ့တွင် စွပ်စွဲပြောကြားလိုက်သည်။

စီအိုင်အေနှင့် စပိန်ဝန်ကြီးချုပ်ဟောင်း ဂျို့စ်မာရီယာအန်ဇာ၏ ပေါ်ပြူလာပါတီ(ပီပီ)တို့သည် နီကာရာဂွါနိုင်ငံတွင် ထိပ်တိုက်ရင်ဆိုင်မှုများ ပေါ်ပေါက်လာစေရန် လူများကို သင်တန်းပေးနေသည်ဟု သည်နယူးရေဒီယိုအော်လ်ရယ်ဒီကကြေညာသည်။

နီကာရာဂွါသမ္မတ ဒီနိုင်ယယ်အိုတေဂါက ၎င်း၏ အစိုးရအဖွဲ့ကို ဆန့်ကျင်သော လက်ယာအုပ်စုအား အမေရိကန်အစိုးရက ငွေကြေးထောက်ပံ့ခြင်းကို ရှုတ်ချခဲ့ပြီး ဖြစ်သည်။

သို့သော်အာဏာရစန်ဒီနစ်အမျိုးသားလွတ်မြောက်ရေးတပ်ဦး၏ တရားဝင်ရေဒီယိုအသံလွှင့်ဌာနအနေနှင့် စီအိုင်အေနှင့်ပေါ်ပြူလာပါတီတို့အား အဖျက်သမားများကို လေ့ကျင့်ပေးသည်ဟု ပွင့်ပွင့်လင်းလင်း ပြောကြားလိုက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ မြောက်ပိုင်း စင်းကျန်ပြည်နယ်၏ ခေတ်မီမြို့တော်အူရမ်ကီရှိအဆောက်အအုံများကို ဇွန် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အော့တဝါ၌ မိုးကြိုးပစ်မှုကြောင့် သား သေဆုံးပြီး မိခင် ဒဏ်ရာရရှိ

အော့တဝါ ဇွန် ၁၇

ကနေဒါနိုင်ငံ ဆက်ကတ်ချီဝန်ပြည်နယ်တွင် စနေနေ့က မိုးကြိုးထိမှန်၍ ၂၉ နှစ်အရွယ် အမျိုးသားတစ်ဦးသေဆုံးပြီး ၎င်း၏မိခင် ဒဏ်ရာရရှိကြောင်း တနင်္လာနေ့တွင် ယင်းဒေသမှ တာဝန်ရှိသူက ပြောကြားသည်။

ဆက်ကတ်ချီဝန်ပြည်နယ်အတွင်း အကြီးဆုံးမြို့ဖြစ်သောဆက်ကာ တွန်အနောက်မြောက်ဘက် ကီလိုမီတာ ၁၇၀ အကွာရှိ ကျေးရွာတွင် နေအိမ်အဆောက်အအုံ ပြုပြင်နေစဉ် မိုးကြိုးပစ်ခြင်းဖြစ်ရာ မိခင်ဖြစ်သူမှာ မီးလောင်ဒဏ်ရာရရှိပြီး သားဖြစ်သူမှာမူ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိုဘားမားသည် ပြုပြင်ပြောင်းလဲရေးလုပ်နိုင်ဖွယ်မရှိ တရုတ် ထိပ်တန်းသတင်းစာက ဝေဖန်ရေးသား

ပေကျင်း ဇွန် ၁၈

ဘာရက်အိုဘားမားသည် အမေရိကန်သမ္မတအဖြစ် အရွေးခံရလျှင် သူကတိပေးပြောကြားခဲ့သကဲ့သို့ စိတ်လှုပ်ရှားဖွယ် ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်ဖွယ်မရှိကြောင်း တရုတ်ထိပ်တန်းသတင်းစာ တစ်စောင်က တနင်္လာနေ့တွင် ဝေဖန်ရေးသားလိုက်သည်။

တရုတ်အစိုးရသည် အမေရိကန်သမ္မတရွေးကောက်ပွဲအပေါ် ဝေဖန်ချက်ပေးခြင်းကိုရှောင်ရှားခဲ့သည်။ သို့သော် ပြည်သူ့နေ့စဉ်သတင်းစာ၏ ပင်လယ်ရပ်ခြားကဏ္ဍမှ ဝေဖန်ချက်တွင် နိုဝင်ဘာလအမေ ရိကန်ရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီမှအနိုင်ရဖွယ်ရှိသော ဘာရက်အိုဘားမား၏ မျှော်လင့်ချက်အပေါ် ကွန်မြူနစ်ပါတီ၏ အမြင်ကိုအနည်းငယ်ဖော်ပြလိုက်သည်။

ဘာရက်အိုဘားမားသည် ၎င်း၏ ပြိုင်ဘက် ဂျွန်မက်ကိန်းကို အနိုင်ရခဲ့လျှင် အမေရိကန်နိုင်ငံရေးလောကကို ပြောင်းလဲပစ်မည်ဟု ကတိပေးပြောကြားချက်ကို အကောင်အထည်ဖော်နိုင်မည့် လက္ခဏာမရှိကြောင်း ပါတီ၏အမြင်ကို ထင်ဟပ်သည့် ၎င်းသတင်းစာက ရေးသားသည်။

အိုဘားမားသည် အီရတ်စစ်ပွဲကို ဆန့်ကျင်သည်။ သို့သော် အီရတ်မှ အမေရိကန်တပ်ဖွဲ့များကို မည်သည့်အချိန်တွင် မည်ကဲ့သို့ ရုပ်သိမ်းမည်ဆိုသည့်အပေါ် ရှင်းလင်းပြတ်သားမှု နည်းပါးသည်ဟုပြည်သူ့နေ့စဉ်သတင်းစာ၏ဝါရင့်စာတည်းတစ်ဦးကဝေဖန်ရေးသားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဇမ်ဘီယာ၌ ဘတ်စ်ကားမတော်တဆမှုဖြစ် ၂၆ ဦးသေ ၅၂ ဦး ဒဏ်ရာရရှိ

လူဆာကာ ဇွန် ၁၇

ဇမ်ဘီယာနိုင်ငံ အရှေ့ပိုင်းတွင် ဘတ်စ်ကားရှေ့ဘီးပေါက်ပြီး ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားရာ ၂၆ ဦး သေဆုံးပြီး ၅၂ ဦး ဒဏ်ရာရရှိကြောင်း နိုင်ငံပိုင်ရေဒီယိုက တနင်္လာနေ့တွင် ဖော်ပြသည်။

ယင်းမတော်တဆမှုသည် မြို့တော်၏ အရှေ့ဘက် ကီလိုမီတာ ၃၃၀ အကွာရှိနမ်ဘားဒေသ လူဆာကာမြို့သို့ သွားရာလမ်းတွင် စနေနေ့က ဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

တာလီဘန်တို့ ကန်ဒါဟာအနီးတွင် ထိုးစစ်စတင်

အစ္စလမ္မာဘတ် ဇွန် ၁၆

အာဖဂန်နစ္စတန် တောင်ပိုင်း ကျေးရွာခုနစ်ရွာကို ရာပေါင်းများစွာသော တာလီဘန်တိုက်ခိုက်ရေးသမားများက တနင်္လာနေ့တွင် ထိန်းချုပ်ထားလိုက်ကြောင်း၊ အာဖဂန်နစ္စတန် ဒုတိယအကြီးဆုံးမြို့တော်၏အနီးတွင် အဓိက ထိုးစစ်ဆင်နွှဲရန် ဖြစ်ဟန်တူကြောင်း အာဖဂန် တာဝန်ရှိသူများထံမှ သတင်းရရှိသည်။

ကန်ဒါဟာ၏ အနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာ အာဂန်ဒတ်ခရိုင်အတွင်းမှ ကျေးရွာ အတော်များများကို ခန့်မှန်းခြေ ၅၀၀ခန့်ရှိ တာလီဘန်များက ဝင်ရောက်စီးနင်းခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ထိုဒေသအတွင်းသို့ တနင်္ဂနွေနေ့ ညနေပိုင်းက တာလီဘန်တိုက်ခိုက်ရေးသမားများသည် အုပ်စုလိုက် ချီတက်လာကြပြီး စစ်ဆေးရေးဂိတ်များ ချထားကြောင်း အစိုးရကြီးမှူးသော ငြိမ်းချမ်းရေးနှင့်ပြန်လည်ပေါင်းစည်းရေးအဖွဲ့မှ တာဝန်ရှိသူ အဂ္ဂလာလိုင်း ဝါလီကပြောကြားသည်။

ဝင်ရောက်မသိမ်းပိုက်မီက ပါကစ္စတန်နှင့် အာရပ်လူမျိုးများဟု ယုံကြည်ရသောတိုက်ခိုက်ရေးသမားဒါဇင်ပေါင်းများစွာသည် ယင်းဒေသအတွင်းကားများဖြင့် သွားလာလျက်ရှိသည်ကို တွေ့မြင်ရကြောင်း ဒေသခံပြည်သူတို့က သတင်းပေးသည်ဟု ဝါလီက ပြောကြားသည်။

ကန်ဒါဟာ အကျဉ်းထောင်ဖောက်၍ တာလီဘန်အများစုပါဝင်သော အကျဉ်းသား ၁၀၀၀မှ ၁၂၀၀ လွတ်မြောက်သွားပြီးနောက် သုံးရက်အကြာတွင် ယခုကဲ့သို့ ကျေးရွာများကို တာလီဘန်တို့သိမ်းထားခြင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် အမ်ဇဟာအဇီမီက ကဘူးမြို့တော်၏တောင်ဘက်နှင့်နေရာအနှံ့အပြား၌တန်ပြန်ထိုးစစ်ဆင်ရန် အာဖဂန် ကြည်းတပ်ဖွဲ့ဝင်ရာပေါင်းများစွာကို ချထားကြောင်း တနင်္လာနေ့ ညနေတွင် ပြောကြားသည်။ ***အင်တာနက်။***

တာလီဘန်များနှင့် တိုက်ခိုက်မှုများ ဖြစ်ပွားနေသည့် ကန်ဒါဟာဒေသကို ဖော်ပြသည့်မြေပုံ။ *(ဓာတ်ပုံ-အင်တာနက်)*

ဗီယက်နမ်တွင် ကျောက်ကျင်းပြိုကျ၍ လေးဦးသေ

ဟန်နွိုင်း ဇွန် ၁၇

ဗီယက်နမ်နိုင်ငံ တောင်ပိုင်း ကေအင်းဂျီယမ်ပြည်နယ်တွင် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုက တူးဖော်လျက်ရှိသော ကျောက်ကျင်းတစ်ခု ပြိုကျရာ ကုမ္ပဏီပိုင်ရှင်နှင့် ၎င်း၏သားအပါအဝင် လေးဦးသေဆုံးကြောင်း ဒေသဆိုင်ရာသတင်းစာများက တနင်္လာနေ့တွင် ဖော်ပြသည်။

တနင်္ဂနွေနေ့ နံနက်စောစောပိုင်းက ဟွန်ဒတ်ခရိုင်၊ ဟွန်ဆော့ကျောက်ကျင်းတွင် တူးဖော်ရေးဆောင်ရွက်နေစဉ်ပြိုကျသဖြင့် ဗီယက်တန် ကျောက်တူးဖော်ရေးကုမ္ပဏီ၏ ဒါရိုက်တာ ဖန်ဗက်တန်၅၈နှစ်၊၎င်း၏သားဖန်ဗက်ဟိုင် ၂၈ နှစ်၊ ၃၃ နှစ်နှင့် ၄၁ နှစ်ရှိ အလုပ်သမားနှစ်ဦးတို့ ကျောက်တုံးများပိကာ သေဆုံးခဲ့ကြောင်း ယန်းပီးပဲလ်သတင်းစာက ဖော်ပြသည်။

ရှေးကျသော ကျောက်တူးသည့်နည်းပညာနှင့် လွန်ခဲ့သောရက်အနည်းငယ်ကမိုးသည်းထန်စွာ ရွာသွန်းသောကြောင့် ယခုကဲ့သို့ မြေပြိုကျသည့်ဖြစ်ရပ်မျိုး ပေါ်ပေါက်လာရသည်ဟု ဗီယက်နမ်အင်္ဂလိပ်ဘာသာ… ဗီယက်နမ်အဂရီကာလ်ချာသတင်းစာက ရေးသားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လစ်ဗျား၌ သင်္ဘောနစ်မြုပ် ခရီးသည် ၂၁ဦးသေဆုံးပြီး ၁၂၀ကျော်ပျောက်ဆုံး

ကိုင်ရို ဇွန် ၁၇

အာဖရိကမှ ဥရောပသို့ ပြောင်းရွှေ့နေထိုင်သူ ၁၅၀ ကို သယ်ဆောင်လာသည့် သင်္ဘောတစ်စင်းသည် လစ်ဗျားနိုင်ငံ ကမ်းရိုးတန်းတွင် နစ်မြုပ်ခဲ့ပြီး လစ်ဗျားအာဏာပိုင်များက အသက်ရှင်သူတစ်ဦးနှင့် သေဆုံးသူ ၂၁ ဦးကို ပြန်လည်ရှာဖွေနိုင်ခဲ့ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

လစ်ဗျားနိုင်ငံ ဇူဝါရတ်မြို့မှ သင်္ဘောတစ်စင်းဇွန် ၇ ရက်က အီတလီသို့ ဦးတည်ခုတ်မောင်းနေစဉ် တူနီးရှားနိုင်ငံ နယ်စပ်အနီး နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ သင်္ဘောနစ်မြုပ်၍ သေဆုံးသူ ၂၁ ဦးအနက် အီဂျစ်ခရီးသည် ၁၂ ဦးဖြစ်ကြောင်း လစ်ဗျားအစိုးရက အီဂျစ်အစိုးရအား အကြောင်းကြားခဲ့ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ဂျီးရီးယားနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသတွင် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်တစ်ဦးကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အစ္စရေးနှင့်ဆီးရီးယားငြိမ်းချမ်းရေး တိုက်ရိုက်ဆွေးနွေးရန် ကြိုးပမ်းလျက်ရှိ

ဂျေရုဆလင် ဇွန် ၁၇

အစ္စရေးနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့ ငြိမ်းချမ်းရေးကိစ္စကို တိုက်ရိုက်ဆွေးနွေးနိုင်ရန်အတွက် အစ္စရေးနိုင်ငံဝန်ကြီးချုပ် အီဟွတ်အိုးလ်မတ်၏ လက်ထောက်များသည် ဇွန် ၁၅ရက်က တူရကီနိုင်ငံသို့ ထွက်ခွာသွားကြပြီဖြစ်ကြောင်း ဒေသခံ မီဒီယာများက ဖော်ပြသည်။

တူရကီနိုင်ငံသို့ ထွက်ခွာသွားသော အစ္စရေးကိုယ်စားလှယ်နှစ်ဦးမှာယိုရန်တာ မိုဗစ်ချ်နှင့် ရှလောင်တာဂီမန်တို့ဖြစ်သည်။ ၎င်းတို့အနေဖြင့် ဆီးရီးယား ကိုယ်စားလှယ်များနှင့် အစည်းအဝေး စတင်နိုင်ခြင်း ရှိမရှိ ရှင်းလင်းစွာ မသိရပေ။ အစ္စရေး ဝန်ကြီးချုပ်၏ရုံးကလည်း တစ်စုံတစ်ရာ မှတ်ချက်ပေးရန် ငြင်းဆိုသည်။

အစ္စရေးနှင့်ဆီးရီးယားတို့တိုက်ရိုက်တွေ့ဆုံသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တူရကီနိုင်ငံ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် လွန်ခဲ့သော တစ်လကြာက စတင်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဆီးရီးယားတို့ထံမှ ဂိုလန်ကုန်းမြင့်ဒေသကိုအစ္စရေးတပ်ဖွဲ့များက၁၉၆၇ ခုနှစ် စစ်ပွဲဖြစ်ပွားစဉ်အတွင်း သိမ်းပိုက်ထားခဲ့သည်။ ယခုဆွေးနွေးပွဲတွင် ဆီးရီးယားတို့က ဂိုလန်ကုန်းမြင့်ကို လုံးဝပြန်လည်ရရှိလိုကြောင်းတောင်းဆိုထားသည်။

အစ္စရေးတို့ဘက်က ဆီးရီးယားတို့ကို အီရန်နှင့် ဆက်ဆံရေးတွင် ခပ်ကင်းကင်းနေရန်နှင့် လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာအဖွဲ့အား ထောက်ခံနေခြင်းကို ရပ်စဲရန်တောင်းဆိုသည်။ ထို့အပြင် ဂါဇာကမ်းမြောင်ဒေသကို စိုးမိုးထားသော ဟားမတ်စ်များနှင့် အဆက်အသွယ်ကိုလည်းဖြတ်တောက်ရန် တောင်းဆိုထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဟစ်တလာက နီပေါဘုရင်ထံ လက်ဆောင်ပေးသည့်ကား ထီးနန်းဆိုင်ရာပြတိုက်တွင် ထားရှိရန်စီစဉ်

ခတ္တမန္ဒူ ဇွန် ၁၈

ဒုတိယကမ္ဘာစစ်ကာလက အာဏာရှင် ဟစ်တလာက နီပေါဘုရင်ထံ မော်တော်ကားတစ်စီး လက်ဆောင်ပေးခဲ့သည်။ နီပေါနိုင်ငံ၏ သက်တမ်း ၂၃၉ နှစ် ဘုရင်စနစ် အဆုံးသတ်ကာ လက်ရှိဘုရင်ဂျနင်ဒြာထီးနန်းမှစွန့်ခွာပြီးသောအခါ ထီးနန်းဆိုင်ရာ ပြတိုက်၌ အဆိုပါကားကို ပြသထားမည်ဖြစ်ကြောင်း သိရသည်။

ဟစ်တလာထံမှ နီပေါဘုရင် ထရီဗူဘန် လက်ခံရရှိထားသော ကားမှာ ၁၉၃၉ ခုနှစ် ပုံစံ မာစီဒီးဗင်ကားဖြစ်သည်။ ဘုရင်ထရီဗူဘန်သည် နီပေါ၏ နောက်ဆုံးဘုရင် ဂျနင်ဒြာ၏ အဘိုးဖြစ်သည်။ ဟောင်းနွမ်းနေပြီဖြစ်သော အဆိုပါကားသည် ယခုအခါ နာဒါရန်ဟစ်တီ နန်းတော်တွင်း၌တည်ရှိနေသည်။

အဆိုပါကားကို နန်းတော်တွင်း၌ သိမ်းထားရသည်မှာ သုံးနှစ်ကျော်ကြာမြင့်နေပြီဖြစ်သည်။ ထိုသို့မသိမ်းထားမီက အဆိုပါကားကို ခတ္တမန္ဒူ အင်ဂျင်နီယာကျောင်းမှ ကျောင်းသားများအတွက်စက်ပိုင်းဆိုင်ရာ လေ့ကျင့်မှုပေးရာ၌ အသုံးပြုခဲ့သည်။ သို့သော် ပုံစံဟောင်းနေပြီဖြစ်သဖြင့် ယာဉ်အပိုပစ္စည်းများ ရှားပါးခက်ခဲပြီး ဈေးကြီးသည့်အတွက် သရုပ်ပြသင်ကြားမှုယာဉ်အဖြစ် အသုံးပြုခြင်းမှ ရပ်စဲလိုက်ရခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား၌ လေယာဉ်ငယ်ပျက်ကျ သုံးဦးသေဆုံး

ကိုဟော့ ဇွန် ၁၇

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ဇွန် ၁၅ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျရာ လူသုံးဦးသေဆုံးသွားပြီး တစ်ဦးမှာ အပြင်းအထန်ဒဏ်ရာရရှိကြောင်းသက်ဆိုင်ရာအာဏာပိုင်များကပြောကြားသည်။

ထိုလေယာဉ်ငယ်သည် ချီဖန်မြို့မှ ၁၅ကီလိုမီတာအကွာတွင်ပျက်ကျသွားခြင်းဖြစ်ကြောင်းဒေသဆိုင်ရာပြည်သူ့လုံခြုံရေးအရာရှိ လင်ရှူဟွာက ပြောကြားသည်။

လေယာဉ်ပျက်အတွင်းမှ အသက်ရှင်ကျန်ရစ်သူမှာ ဦးခေါင်းနှင့် ရင်ပိုင်းတို့တွင် ဒဏ်ရာရရှိထားသော်လည်း သတိကောင်းစွာ ရရှိနေကြောင်း သိရသည်။ ညနေ ၄ နာရီ ၁၀မိနစ်တွင် လေယာဉ်ပျက်ကျခဲ့ပြီး အသက်ရှင် ကျန်ရစ်သူကို ညနေ ၆နာရီ မိနစ်၄၀တွင် ဆေးရုံသို့ ပို့နိုင်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်နယ်စပ်ဒေသ ဟန်ဂိုမြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံအချို့ကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နေတိုးသို့ ယူကရိန်း ဝင်ရောက်မည်ဆိုပါက ရုရှားနှင့်ဆက်ဆံရေး ထိခိုက်ဖွယ်ရှိကြောင်း ဒုဝန်ကြီးချုပ်ပြောကြား

ကီယက်ဗ် ဇွန် ၁၇

ယူကရိန်းနိုင်ငံသည် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး)သို့ ဝင်ရောက်မည်ဆိုပါက ရုရှားနိုင်ငံနှင့် သဘောတူညီထားသောစစ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများတွင် ရရှိထားသည့် အဆက်အသွယ်များကို စွန့်လွှတ်ရမည့်အပြင် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများလည်း ဆုံးရှုံးမည်ဖြစ်ကြောင်း ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဆာဂျီအီဗာနော့ဗ်၏ ဇွန် ၁၄ ရက်က ပြောကြားချက်ကို ကိုးကား၍ ဒေသခံသတင်းအေဂျင်စီက ဖော်ပြသည်။

ရုရှားနိုင်ငံ ပင်လယ်နက်ဒေသ စီးဘာစတာမောဆိပ်ကမ်းမြို့၏ ၂၂၅ နှစ်မြောက် အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်က အထက်ပါစကားများကို ပြောကြားသည်။ ထိုဆိပ်ကမ်းမြို့သည်ရုရှားနိုင်ငံ၏ပင်လယ်နက်ရေတပ်တည်ရှိရာ ဆိပ်ကမ်းဖြစ်သည်။

ယူကရိန်းနိုင်ငံအနေဖြင့် အထက်ဖော်ပြပါအချက်နှစ်ချက်ကိုသာဆုံးရှုံးရမည်မဟုတ် ပြည်ဝင်ခွင့် ဗီဇာကိစ္စနှင့် ပတ်သက်၍လိုက်လျောမှုပေးထားသော အခွင့်အရေးများကိုလည်း စွန့်လွှတ်ရဖွယ်ရှိသည်ဟုအီဗာနော့ဗ်က ဆက်လက် ပြောကြားသည်။ ထိုသို့ဆောင်ရွက်ရမည်ဆိုပါက မည်သည့်နိုင်ငံပိုမိုနစ်နာဖွယ်ရှိသည်ဟူသော အချက်ကို မိမိမပြောလိုကြောင်း၊သို့သော် သေချာသည်မှာ နှစ်နိုင်ငံစလုံးနစ်နာဖွယ်ရာရှိသည်ဆိုသောအချက်ပင်ဖြစ်ကြောင်း အီဗာနော့ဗ်က ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

တရုတ်နိုင်ငံ တိဘက်ဒေသ လာဆာမြို့သို့ ရောက်ရှိလာသော ဧည့်သည်များအား ရိုးရာစားသောက်ဆိုင်တစ်ဆိုင်မှ ဧည့်ဝတ်ပြုနေသည်ကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ဂွမ်ဒေါင်း၌ မြစ်ရေလျှံ အန္တရာယ်ရှိသောဒေသမှ ပြည်သူများ ရွှေ့ပြောင်းရန်ပြင်ဆင်

ကွမ်ကျိုး ဇွန် ၁၇

တရုတ်နိုင်ငံတောင်ဘက်ဂွမ်ဒေါင်းပြည်နယ်သည် ဇွန် ၁၆ ရက်က ပုလဲမြစ်ဝှမ်းတွင် မြစ်ရေလျှံသည့် မြစ်နှစ်မြစ် ပေါင်းဆုံမှုကြောင့် ရေဘေးဒဏ် ဆိုးရွားစွာရင်ဆိုင်နေရသည်။

စီကျန်မြစ်နှင့် ပေကျင်းမြစ်တို့ တစ်ဟုန်ထိုး စီးဆင်းလျက်ရှိသည်။ ၎င်းမြစ်များသည် ဖိုရှန်မြို့တွင် အခြားမြစ်များနှင့် မပေါင်းဆုံမီ ရေစီးဆင်းမှုသည် ပုံမှန်ထက်ပို၍ မြင့်မားသည်။

နောက်နှစ်ရက်အကြာတွင် စီကျန်ဒေသ မြစ်များနှင့် ပေကျင်းမြစ်များ၌ မိုးပို၍ ရွာနိုင်သည်ဟု ခန့်မှန်းထားသည်။

ဂွမ်ဒေါင်းပြည်နယ်ရေဘေးကာကွယ်ရေးဌာနချုပ်ကပြည်နယ်အုပ်ချုပ်ရေးမှူးများအား ကွမ်ကျိုးမြို့ အပါအဝင် မြို့ကြီးကိုးမြို့မှ မြစ်ရေတား တာတမံများတောင့်တင်းခိုင်မာအောင် ပြုလုပ်ရန်နှင့် အန္တရာယ်ရှိသော ဒေသမှ ပြည်သူများ ရွှေ့ပြောင်းဖို့ပြင်ဆင်ရန် တနင်္လာနေ့က အမိန့်ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာမြောက်ပိုင်း၌ အသေခံဗုံးခွဲမှုဖြစ်ပွား၊ ရဲတပ်ဖွဲ့ဝင် ၁၂ဦးသေဆုံး

ကိုလံဘို ဇွန် ၁၇

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း ဗာဗူနီယာမြို့တွင် တနင်္လာနေ့နံနက်က တမီးလ်ကျားသူပုန်များ၏ အသေခံဗုံးခွဲ တိုက်ခိုက်ခံရမှုကြောင့် ရဲတပ်ဖွဲ့ဝင်၁၂ဦးထက်မနည်း သေဆုံးပြီး ၂၀ ကျော် ဒဏ်ရာရရှိကြောင်း ကာကွယ်ရေးဌာနမှတာဝန်ရှိသူများကပြောကြားသည်။

ဗာဗူနီယာမြို့ အစိုးရအဆောက်အအုံ (ရဲတပ်ဖွဲ့ထောက်လှမ်းရေးရုံး) အနီးရှိ ရဲတပ်ဖွဲ့ဝင်များကို ဦးတည်၍ ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၀ မိနစ်တွင် တမီးလ်ကျားသူပုန်တို့ အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ကြသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ ဗုံးခွဲတိုက်ခိုက်ချိန်တွင်တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များ သေဆုံးခဲ့သည်။

ဗာဗူနီယာမြို့သည် မြို့တော် ကိုလံဘိုအရှေ့မြောက်ပိုင်း ကီလိုမီတာ၂၅၀ အကွာတွင် တည်ရှိသည်။ ထိုမြို့သည် လုံခြုံရေးတပ်ဖွဲ့နှင့်တမီးလ်ကျားသူပုန်တို့အကြား ဆင်နွှဲနေသည့် စစ်ပွဲတွင် ရှေ့တန်း စစ်မျက်နှာမြို့ဖြစ်သည်။

နိုင်ငံ၏အရှေ့ပြည်နယ်တစ်ခုလုံးမှ သူပုန်များကိုရှင်းလင်းဖယ်ရှားခဲ့သည်။ ၂၀၀၇ခုနှစ် ဇူလိုင်လနောက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့များသည် နိုင်ငံမြောက်ပိုင်း၌ တမီးလ်ကျားသူပုန်တို့ကို ပြင်းထန်စွာ ထိုးစစ်ဆင်နွှဲ တိုက်ခိုက်ခဲ့သည်။

နိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင်တမီးလ်ကျားသူပုန်တို့သည်သီးခြားပိုင်နက် နယ်မြေအဖြစ် ခွဲထွက်ရန် ၁၉၈၀ ပြည့်နှစ်ကတည်းက ကြိုးပမ်းခဲ့ကြသည်။ ထိုအချိန်ကတည်းက သီရိလင်္ကာတပ်ဖွဲ့များနှင့် တမီးလ်ကျားသူပုန်တို့ တိုက်ပွဲဖြစ်ခဲ့ရာ ပြည်သူ ၇၀၀၀၀ ကျော် သေဆုံးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အိန္ဒိယနိုင်ငံတွင် မုတ်သုံရာသီ စောစီးစွာဝင်ရောက်လာပြီးမိုးသည်းထန်စွာ ရွာသွန်းသဖြင့် မြောက်ပိုင်းရှိ မက်သူရာမြို့၌ ရေကြီးနေသည်ကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

KSS နတ်သုဒ္ဓါဒံပေါက် Plus+ ချစ်တီးထမင်းဟင်း

ဦးချစ်မောင်ဆိုင်ခွဲတွင် ၂၀-၆-၂၀၀၈ မှစ၍ရပြီ

ချစ်တီးထမင်းဟင်းကောင်းကောင်းစားချင်သူများအတွက်

HALAL

ကြက်သားဆီပြန် | ဆိတ်သားဆီပြန် | ဆိတ်ဦးနှောက် | ဆိတ်ကလီစာ | ငါးဟင်း | ငါးရံ့အူဟင်း

သစ်သီးစုံသက်သတ်လွတ်ချစ်တီးထမင်း | ငါးရံ့ခေါင်းဟင်း

မျိုးစုံ တို့ကို

အဆင့်မြင့်အအေးခန်း KSS စားသောက်ဆိုင်တွင်ရရှိနိုင်ပါသည်။

ပင်ရင်း — တိုက် (E) အခန်း ၁၀၁၊ စက်ရုံလမ်း (မင်္ဂလာဈေးအနီး) မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၊ ၂၀၃၃၂၀ – ၂၀၃၂၈၉

ဆိုင်ခွဲ — အမှတ် (၁၉၃) ဦးချစ်မောင်လမ်း၊ (ရန်ကင်းစင်တာအနီး) ဖုန်း – ၅၄၀၀၁၇

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်အသင်း အဆောက်အအုံ (M.W.E.A Tower) တွင် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်
၁။	ဂါလန်(၈၀၀)ဆံ့ (Steel) တိုင်ကီများတည်ဆောက်တပ်ဆင်ရန်	၁၀ လုံး
၂။	အိမ်ခန်းများသို့သီးခြားပိုက်လိုင်းဆင်ခြင်းနှင့် ရေမီတာတပ်ဆင်ခြင်း	၇၀ ခန်း

တင်ဒါပုံစံထုတ်ယူရန်နှင့် အသေးစိတ် အချက်အလက်များကို ရုံးချိန်အတွင်း(အုပ်ချုပ်ရေးမှူး) စီမံခန့်ခွဲရေးကော်မတီ M.W.E.A Tower တွင် လာရောက်စုံစမ်းနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါပိတ်မည့်ရက် (၂၄-၆-၂၀၀၈) အချိန်(၄း၀၀)

စီမံခန့်ခွဲရေးကော်မတီ
မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းအဆောက်အအုံ
အမှတ်(၂၈၈/၂၉၀)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်

(၃၆)နှစ်မြောက် မင်္ဂလာနေ့

တော်ဝင်ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းနှင့် ဗန္ဓုလ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် ဒါရိုက်တာ **ဗိုလ်မှူးကျင်လင်း (ငြိမ်း)** သိုက်ချောင်း နေပြည်တော်နှင့် ဇနီးဖြစ်သူ ဝေဒမဂ္ဂဇင်း၊ ခြေမြန်စာတည်း **ဒေါ်သန်းသန်းညွန့်**တို့၏ **ဇွန်လ ၁၉ ရက်** နေ့တွင်ကျရောက်သော (၃၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နှစ်(၁၂၀)တိုင် လောကီ၊ လောကုတ္တရာ အကျိုးကို မိသားစု ကျန်းမာ၊ ချမ်းသာ ပျော်ရွှင်စွာဖြင့် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဖေဖေ-ချစ်မေမေ
မောင်လေး၊ ညီမလေး
ချစ်သမီး မဝဏ္ဏပဘာလင်းမိသားစု
ချစ်သား အောင်သုခစည်သူလင်းမိသားစု

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

(၁၅-၆-၂၀၀၈)ရက်နေ့တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် အောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မနေခြည်ဦးမွန်နှင့် မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော မောင်လင်းခန့်မင်းမောင် တို့အား အထူးကျေးဇူးတင်ရှိပါသည်။

ဗိုလ်မှူး တင်လင်းဦး+မအိသဥ္ဇာလှတင့်

ကျေးဇူးဆပ်ပါမည်

ကျွန်မ မမြင့်မြင့်လှိုင် ၁၂/ဗဟန(နိုင်)၀၀၅၆၃၁၂၏ နိုင်ငံကူး လက်မှတ် အမှတ်-၆၆၆၁၂၉ သည် ခရီးသွား၍ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၂၇၂၃၆၀

သင်ကြားမှုပီပြင်ပြီး ဝင်ခွင့်အတွက် လုံးဝစိတ်ချရသော

ကံ့ကော်ရိပ် J.O.

21-6-08 ရက်နေ့စမည်

(A) Sat,Sun 7:30-9:30 am
(B) Mon,Tue 7:30-9:30 am
(C) Mon, Tue5:00-7:00 pm

ဝင်ခွင့်ရသင်တန်းများ

အင်္ဂလိပ်စာ	→ ဦးတိုးကျော်
ဥပဒေ	→ ဦးအေးကျော်
မြန်မာစာ	→ ဦးညီညီလှိုင်
ဗဟုသုတ	→ ဦးနိုင်ဝင်း

သင်တန်းကြေး၃၀၀၀၀ကျပ် (လေးဘာသာအပြတ်)

(၃၆၅)၊ ပထပ်၊ မဟာဗန္ဓုလလမ်း၊ ဆိပ်ကမ်းသာလမ်း နှင့် ၃၈-လမ်းကြား၊ ဖုန်း-၃၉၁၂၆၆

ဦးနဲ့ငါးကို
ပွားစေလို
ငါးရစ်ဆို
မဖမ်းနဲ့

CINDIC®

10% OFF

Pearl Cream သည်မှဲ့ခြောက်၊ တင်းတိတ်နှင့် အမာရွတ်ဖြစ်ပေါ်ခြင်းမှ ကာကွယ်ပြီး ရှိပြီးသားများကိုလည်း လျော့နည်း သက်သာစေပါတယ်။ ၄င်းကို Foundation အဖြစ်လည်းအသုံးပြုနိုင်သည့်အပြင်နေ့စဉ်အသုံးပြုပါက မျက်နှာကို ဖြူစင်တောက်ပပြီး ပုလဲကဲ့သို့ နူးညံ့ချောမွတ် ဝင်းပ စေပါတယ်။ SPF 15 ပါဝင်သည်။

(၁၈. ၆. ၂၀၀၈ မှ ၂၇. ၆. ၂၀၀၈ ထိ)

Super Mart များနှင့် အမှတ် ၉/၂ ဗေလမင်းကြီးလမ်း၊ ဒဂုံမြို့နယ် တို့တွင်ဝယ်ယူရရှိနိုင်ပါသည်။ ၀၁-၂၄၀၈၆၂၊ ၀၉-၅၁-၃၉၀၁၆၊ ၀၉-၂၀၂၀၅၈၄

ဘာသာစုံဂုဏ်ထူးရှင်များမွေးထုတ်ပေးနိုင်သော

သီတာချမ်းမြေ့

၈တန်း၊ ၉တန်း၊ ၁၀တန်း

ကျောင်းအပ်လက်ခံပါပြီ။

နေ့စဉ်(၉း၀၀)နာရီမှ(၄း၀၀)နာရီ

အမှတ်-၄၇၉၊ အေ-၁၅၊ မိုးသလမ်း၊ ဗဟန်းအိတ်ချိန်းရုံးအနီး၊ ဗဟန်း။ ဖုန်း-၀၁-၅၅၅၄၀၆၊ ၀၉၅၀၀၄၁၂၅

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဇွန် ၁၈

ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ ဇွန် ၁၈ရက်မှ ၂၀ရက်အထိကျင်းပမည့် ASEAN-China Young Entrepreneurs Workshop သို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အလုပ်အမှုဆောင် ဦးညီညီအောင်နှင့် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များ အသင်းဝင် ဒေါ်သင်းသင်းဆက်တို့သည် ဇွန် ၁၇ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များ အသင်း တည်ထောင်သူ အကြံပေးပုဂ္ဂိုလ် အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်၊ အကြံပေးပုဂ္ဂိုလ် ဒေါ်ဝါဝါထွန်းနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(အောက်ပုံ)

(ကုန်သည်/စက်မှု)

Zydus Cadila Healthcare မှ မုန်တိုင်းသင့် ပြည်သူများအတွက် ငွေကျပ်သိန်း ၁၀၀ကို ဇွန် ၁၂ ရက်တွင် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များထံ လာရောက်လှူဒါန်းစဉ်။ (က-ပ)



မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၈

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့်အောင်စည်းစိမ် ကျောက်မျက်ကုမ္ပဏီတို့ ပူးပေါင်း၍ ကျေးဇူးကြီးလှမိနှင့်ဖတို့၏ မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲကို ဇွန် ၁၆ ရက်က အထက(၁)မရမ်းကုန်း စန္ဒိမာခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အုန်းက အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)**မင်္ဂလာဗျူဟာအသင်းချုပ် အမှုဆောင်ဆရာကြီး ဦးအုန်းမြင့်၊ အမျိုးသားစာပေဆုရ ဆရာကြီး မင်းယုဝေနှင့် စာရေးဆရာ ချစ်ဦးညိုတို့က ဟောပြောကြသည်။ အခမ်းအနားတွင် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကြီးက ဘုရင့်နောင်မဂ္ဂဇင်း ထုတ်ဝေရေးအတွက် အလှူငွေကျပ် ၁၈၀၀၀၀နှင့် ကျောင်း ရန်ပုံငွေအတွက် ၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။ (က-ပ)

KNU သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံး နင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိ

ရန်ကုန် ဇွန် ၁၈

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် သပြေကုန်းကျေးရွာနေ ဦးကျော်ငယ် (၃၆)နှစ် (ဘ) ဦးဘိုးသော်သည် ရွာအရှေ့မြောက်ဘက် ဘင်ဖြဲဒေသ၌ မျှစ်ချိုးသွားစဉ် ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် **KNU** သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ ဝဲဒူးအောက်ပြတ်ဒဏ်ရာရရှိခဲ့သဖြင့် ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။